
နှမ်ဂျာဆိုင်း
ရက်ရွေးမနေပါနဲ့
ကိုကိုရယ်
သရုပ်ဖော်ပန်းချီမောင်မောင်သိုက်

# ရက်ရွေးမနေပါနဲ့

## ကိုကိုရယ်

အလင်း မယှဉ်

ပုထုဇဉ်တို့၊ အစဉ်မိုက်မှား

တဏှာအားဖြင့်၊ ယောကျ်ား မိန်းမ

ကိုယ်ကာယ၏၊အသုဘစစ်

ပုတ်ဟောင်ညစ်ကို၊ လွန်ချစ်ရောပြွံ

သက်လုံးနှံ၍၊ မရှုံတတ်ခြင်း.....

**(မဃဒေဝ လင်္ကာ)**

**မန်လည်ဆရာတော် ဘုရား**

*

အဝေးဆီက လွင့်လာတဲ့ ဆိုင်းသံဗုံသံတွေ ကြားနေရတယ်။

ဟေး ဟေး ဝါး ဝါး အော်သွားတဲ့ ပျော်သူတွေရဲ့ အသံတွေလဲဘဲ တချက်ချက်မှာ ကျယ်ကျယ် လောင်လောင်ကြားနေရတယ်၊ ဆူဆူညံညံအသံတွေ ဝေးဝေးသွားတဲ့ အခါမှာ အနီးအနားလို့ ထင်ရတဲ့ တနေရာရာက သံချပ်ထိုးသံလို့ ထင်ရတဲ့ ဒိုးသံသဲ့သဲ့နဲ့ အော်သံတွေက ဝင်ဝင်လာတယ်။

ဝေးရင်လဲ အဝေးကြီး ရောက်သွားတာ ကောင်းတယ်၊ ခဟာက

အဝေးကြီးလဲ မဟုတ်၊ မနီးမဝေးကနေ လှောင်ပြောင်နေသလို ဖြစ်နေတော့ ရင်ထဲက ဝေဒနာကို အပ်ဖျားချွန်ချွန် လေးနဲ့ ဆွပေးနေသလိုဘဲ။

မသိပ်တသိပ် မှောင်လာတဲ့ ညနေနှောင်းမို့ ပိတောက်ပင်ကြီး မြင်းကွင်းထဲက ပျောက်နေနိုင်တာဘဲ ကျေးဇူးတင်ရသေးတယ်။

ညနေ အဆောင်တံခါးပိတ်လို့ တန်းစီ လူစစ်ပြီးကတဲက ကိုယ်တို့ အခန်းထဲကလူတွေလဲ ကိုယ့်အိပ်ရာနေရာမှာကိုယ့်ဟာကိုယ် ခပ်ခွေခွေလေးတွေ ငိုင်နေကြရဲ့၊ အော်....သူတို့လဲ လွမ်းရှာ မှာပေ့ါ၊ ပွဲတကာ့ပွဲထဲမှာ သင်္ကြန်ဆိုတဲ့ ပွဲကို မပျော်ဘူးခဲ့တဲ့လူ ရှိတာမှ မဟုတ်ဘဲ၊ အကြောင်းကြောင်း တွေကြောင့်သာ လူဆိုးလူမိုက် တရားခံဘဝနဲ့ ဒီ သီးသန့် ကမ္ဘာလေးထဲမှာ နေနေရတယ်၊ အားလုံးရဲ့ရင်ထဲမှာ နှလုံးသားလေးတွေက တခုစီ လူတိုင်း ပါလာကြတာ မဟုတ်လား။

အခါတိုင်း အမြဲလို အော်ဟစ်ငေါက်ငမ်း ဆဲဆိုနေတတ်တဲ့ အဘကြိုင်တောင် ဒီနေ့ သူ့ကြည့်ရတာ ငိုင်တိငိုင်တိုင်ဘဲ၊ တွေတွေငေးငေးဘဲ၊ ဟုတ်ပါတယ် ... သူလဲ လွမ်းနေမှာပေ့ါ၊ အထူးသဖြင့် ခပ်တေတေ နေတတ်သူတွေဆိုတော့ သင်္ကြန်ဆို သူများထက် ထူးပြီး ကဲခဲ့ဖူးပေ လိမ့်မယ်၊ အဖိုးကြီးလဲ ဒေါသအမျက်တချက်ကြောင့် လူမသတ်ခင်က ပိတောက်ပန်း နံ့လေးမှာ ကြည်နူးဖူးမှာပေ့ါ၊ ပိတောက် လက်ဆောင်ကို အတာရေနဲ့ အတူပေးဖူးမှာပေ့ါ။

ဟုတ်ပါပြီ၊ သူလဲ ဒဏ်ခံနိုင်ပုံ မပေါ်တော့ဘူး၊ ခါတိုင်းအမြဲ ခက်ထန်နေရတဲ့ မျက်နှာကို အားနာနေသလို ရှက်ပြုံးပြုံးပြီး အခန်းထဲက လူတွေအားလုံးကို ခေါင်းရင်းခန်းမှာ စုခိုင်းလိုက်တယ်၊ ပြီးတော့မှ ....

“ ဒို့လဲဘဲ ပျော်ရအောင်ကွာ ...” တဲ့။

ကိုယ့်ရင်ထဲမှာ နင့်သွားတယ်။

ဒါပေမယ့် အားလုံးနဲ့အတူ မကြာခင်မှာကိုယ်လဲ လှုပ်လှုပ်ရှရှ

ဖြစ်လာပါတယ်၊ နိုင်ငံရေး အကျဉ်းသမား ကိုဘနှင့်က .....

“ဘာလုပ်ရင် ကောင်းမလဲ အဘ”

“ဂီတဆည်းဆာ လုပ်မယ်ကွာ”

စကားလုံး သုံးစွဲမှု ပြေပြစ်ပုံကလေးကြောင့် ကိုယ်ပြုံးမိတယ်။

“ဒါဖြင့် အဘက စဆို”

“အေး”

အားလုံးက ဝိုင်းကြည့်နေကြတယ်၊ အဘကြိုင်လဲ ဟန်ဟန်ပန်ပန် အားလုံးရှေ့မှာ ထွက်ရပ်ပြီး ...

“အခု ကျွန်တော်ဆိုမယ့်သီချင်းကတော့ ... စစ်ကိုင်းတောင် ... သီချင်းပါဘဲ”

မတိုး မကျယ် လက်ခုပ်သံလေးတွေ ထွက်လာတယ်၊ အဆောင်အပြင်မှာ စောင့်နေတဲ့ ဝါဒါ ဦးသန်းမောင်ကြီးကလဲ လှမ်းကြည့်လိုက်ပြီး ...

“ဘာလုပ်နေတာလဲ .. မောင်ကြိုင်”

“ကျနော်တို့လဲ သကြၤန်တွင်းမို့ ပျော်ပျော်ရွှင်ရွှင်လေးဖြစ်အောင် သီချင်းဆိုကြမလို့ ဆရာ”

ဘုရားမလို့ မတားပါစေနဲ့လို့ အားလုံးရင်ထဲက ဆုတောင်းနေကြမှာပါဘဲ၊ အဲဒီ အချိန်မှာ ဦးသန်းမောင်ကြီး ဆီက မမျှော်လင့်တဲ့ စကားသံကို ကြားလိုက်ရတယ် ....

“ကောင်းတယ် ... လုပ်ကွာ ... ငါလည်း တစ်ပုဒ် ဆိုမယ်”

ကိုယ့်ရင်ထဲမှာ အတွေးလေးတွေ ပွားသွားတယ် ... ဒို့အားလုံးဟာ ဘာထူးကြလို့လဲကွယ် ....

"....ဗုဒ္ဓဘာသာ မြန်မာတတွေ၊ အတာကူးတဲ့ နှစ်ဦး ဂိမ္မာန်နွေ ...."

အဘကြိုင် သီချင်းဆုံးတော့ ဦးသန်းမောင်ကြီးကလဲ တစ်ပုဒ်ပြန်ဆိုတယ်၊ သူ့သီချင်းက အဆန်း။

"မော်တော်ယဉ် A.M.B.A. ခေါ် အသင်းတော်သားများက မာပါစေ ...၊ နိုင်ငံတော် ညီရင်းအကိုများတွေ .... ဒို့တိုင်းရင်းသားတွေ၊ တအူတုံဆင်း ချစ်ခင်ရင်းနှီးကြတယ်လေ၊ ထာဝစဉ် မေတ္တာဓာတ်တိုးစေ .... ဖျန်းဆွတ်သော သင်္ကြန်ရေ ...."

သူ့ သီချင်းအချမှာ သူ့ဖာသာသူ ရိုက်မစစ်ရဘဲ ဖြောင့်ချက်ပေးတော့တယ်။

"အဲဒီ သီချင်းက .... အရင် ငါ့ခပ်ငယ်ငယ် A.M.B.A. ခေါ်တဲ့ ဒို့မန္တလေး ကားအသင်းမှာ ဒရိုင်ဘာ လုပ်တုန်း သင်္ကြန်ထွက်တော့ ဒို့အသင်းက ဆိုတဲ့ သီချင်းပေါ့၊ ဝါးပုလွေနဲ့ ဗိုလ်သံပေါက် အောင် မှုတ်ကြတာ၊ သီချင်းက ဆရာငြိမ်း ရေးပေးတယ်၊ ဘာပြော ကောင်းမလဲကွာ၊ ငါလဲ အဲဒီ နှစ်မှာဘဲ သင်္ကြန်မှာ တွေ့တဲ့ ငါ့မိန်းမနဲ့ အိမ်ထောင်ကျတာဘဲ"

အားလုံးဆီက ရယ်သံလေးတွေပျံ့လာတယ်၊ "မန္တလေးက သင်္ကြန်တွင်းမှာ ... " ဆိုတဲ့ စကားလေးတွေ ကြောင့် ကိုယ့်ရင်ထဲ တလှပ်လှပ်ခုန်လာတယ် ရွှေဝါရေ .....

"ကဲ .... ကိုလတ် ..... မင်းအလှည့်"

ကိုဘနှင်းရဲ့ အသံကြောင့် ကိုယ့်ရင်ထဲ ထိတ်ကနဲ ဖြစ်သွားတယ်၊ ကိုယ်ဘာဆိုရမလဲ .... ငြင်းရိုးထုံးစံမရှိတဲ့ နေရာမို့ ကိုယ်အားလုံးရှေ့ကို ထွက်လာခဲ့သည်၊ ရင်ထဲမှာလဲ သီချင်းတစ်ပုဒ်က ပါးစပ်က ခုန်ထွက်လာမလား ထင်ရအောင် လှုပ်ရှားနေတယ်၊ မဆိုနဲ့ .... မဆိုနဲ့ ဆိုတဲ့ သိစိတ်ကလဲ တားနေတယ် ...၊ ဒါပေမယ့် .... သိစိတ်ဟာ ကျဆုံးသွားမှန်း ကိုယ့်ပါးစပ်က ထွက်လာတဲ့

စကားသံကို ကိုယ် ပြန်ကြားလိုက်ရမှ သိတော့တယ်။

“ကျနော် ... မန်းတောင်ရိပ်ခို ....ဆိုပါမယ်”

အားလုံးရဲ့ လက်ခုပ်သံတွေဟာ စောစောကထက် ပိုကျယ်လာတယ်၊ ဒီလက်ခုပ်သံမျိုး တွေဘဲပေါ့ .... ကိုယ် ကြက်သီးတွေဖြန်းကနဲထသွားတယ်၊ မျက်လုံးထဲမှာလဲ မျက်ရည်စတွေ ဝဲလာတယ်။

ကိုယ့် စိတ်တွေဟာလဲ ... တစ်ခါက ပိတောက်၊ တစ်ခါက သကြံန်၊ တစ်ခါက မန္တလာ၊ တစ်ခါက ရွှေဝါဆီကို ဝေ့ကနဲ ရောက်သွားတော့တယ်။

*

# အခန်း(၁)

“ဗွမ်း …. “

“အား … သေပါပြီဗျ … “

ကားစီးရင်း ကိုယ့်အတွေးနှင့် ကိုယ်ငေးလာသော ကျနော်လည်း ပြုန်းကနဲ မျက်နှာကို လာပက်သော ရေခဲရေအေးအေးများကြောင့် လန့်ပြီး တအား အော်လိုက်သည်။

ကျွန်တော့် အော်သံကြောင့် ဗလလည်း လန့်ဖြန့်၍ ကားဘရိတ်ကို တအားနင်းချလိုက်သည်၊ ဂျစ်ကားကလေးက တုံ့ကနဲ ရပ်သွားသည်၊ ကားရပ်လိုက်သည့် အရှိန်ကြောင့် ကျွန်တော့် ကိုယ်သည် လည်း ငိုက်ကနဲ ရှေ့ယိုင်သွားပြီး ကားရှေ့မှန် နှင့် ခေါင်းနှင့် ဝင်ဆောင့်တော့သည်။

ကျနော် မျက်နှာကို လက်နှင့် ကမန်းကတမ်း သပ်ချလိုက်ရင်း ….

“ဟော့ကောင်ဗလ …. ဘာလို့ ရပ်လိုက်ရတာ လဲ”

ဗလက ပြူးပြူး ပျာပျာဖြင့် …..

“ဟာ …. မင်းက အလန့်တကြား ထအော် လိုက်တော့ ငါလဲ လန့်ဖြန့်ပြီး ဘရိတ်နင်းလိုက် တာပေါ့၊ မင်းက ဘာဖြစ်ရတာ လဲ…. ကြောက်ဖို့ လန့်ဖို့တောင်ကောင်းတယ်”

ကျနော်တို့ အချီအချပြောနေစဉ် ခိုးခိုးခစ်ခစ် ရယ်သံလေးတခုကို ကြားလိုက်ရသည်၊ ကျွန်တော် ကမန်းကတမ်း လှည့်ကြည့်လိုက်သောအခါ ….

“အို …..”

မိန်းမလှလေးတစ်ယောက်၊ အဝါရောင် အထက်အောက် ဆင်တူဝတ်ထားသည်၊ ပိတောက် ပန်းတွေ ဝေနေအောင်ပန်ထားသည်၊ လက်ထဲတွင်

အဝါရောင် ပလပ်စတစ်ရေပုံးတစ်ခု၊ အဝါမလေးက ပါးစပ်ကိုလက်ဖြင့် ကွယ်၍ အားရပါရ ရယ်နေသည်၊ စောစောက ရေခဲရေ ပိုင်ရှင်ဘဲ ဖြစ်မည်၊ သူက အရယ်ဆုံး ပြုံးမဲ့မဲ့မျက်နှာ တစ်မျိုးဖြင့် ....

"ဟင်း .... အရှက်လဲ မရှိဘူး"

"ဟာ .... ဘာအရှက် မရှိဘူးလဲဟ ...."

ကျွန်တော်ဘာမှပြန်မပြောနိုင်မီ ဗလက ထ၍ ဘုတောသည်။

"ရေပက်တာဘဲ၊ ဒါလောက်အော်ရသလား ကိုဗလရဲ့"

အဝါရောင်မလေးကလည်း တစ်ခွန်းမှ မခံ၊ ချစ်စဖွယ်ကက်ကက်လန်ကလေး ရန်တွေ့ပြန် သည်။

"ဟ ... အမှတ်တမဲ့ဆိုတော့ ငါလဲ လန့်သွားတာပေါ့"

"လန့် .... သေလိုက်ပေါ့ ... ကိုဗလကို ပက်တာမှ မဟုတ်ဘဲ"

ခပ်စူစူလေး ပြောလိုက်ရင်း မျက်လုံးပြာလဲ့လဲ့ တစ်စုံကလည်း ကျွန်တော့်ဖက်ဝေ့ဝိုက် ရောက်လာသည်။

"နို့ ဘယ်သူပက်တာလဲ"

ဗလက ဆက်လေရှည်သည်။

"ဒီဘက်က လူကြီးကို .... "

မျက်လွှာကို အထက်လှန်၍ ပြောလိုက်ပုံကြောင့် ကျနော် .... ဟဲ ....ဟဲ .... တစ်မျိုး ဖြစ်သွားသည်။

"အေးလေ ... ဒါတော့ကိုယ်ကြိုက်တဲ့ သူကိုယ်ပက်တာပေါ့"

ဗလကဝင်ထောင်သည်၊ ငနဲမလေး ဆတ်ဆတ်နဲနဲခါသွားပြီး ....

“ဘာ ….. ဘာပြောတယ် ကိုဇလ”

“အော် …. ကိုယ်ကြိုက်လို့ပက်တာ၊ ပက်ပစေလို့ ပြောတာပါ”

သည့်တစ်ခါ ဝင်အသားယူသူက ကျွန်တော်၊ သကြွန်ပိုးလေးက လှုပ်စိလှုပ်စိဖြစ်နေသဖြင့် ပါးစပ်ကလည်း သွက်သွားသည်။

သည့်တစ်ခါတော့ ငနဲမလေး အတော့်ကို ဆတ်ဆတ်ခါသွားသည်။

“ဘာ …. ဘာပြောတယ်”

မျက်ခုံးနှစ်ဖက်ပင့်၍ ခပ်သွက်သွက်လေး ပြောလိုက်သည့် အသံနှင့်အတူ လက်ထဲမှ ပလပ်စတစ် ပုံးလေးကလည်းမြောက်လာ၏ ။

“အဲ …. အဲဒါပါဘဲ …. ဇလရေ မောင်းဟေ့”

အဝါမလေးလက်ထဲမှ ပလပ်စတစ်ပုံး ကျွန်တော့် ခေါင်းဆီရောက်မလာမီ ဇလအားလှမ်း ပြောလိုက်သည်၊ ဇလကလည်း လျှင်သည်၊ ကားလေးက ညှို့မှလွှတ်လိုက်သော မြှားတံလေးကဲ့သို့ … ဂျူးကနဲ …။

ကျွန်တော့် ရင်ထဲတွင်ကား ပုဇဉ်းလေးတစ်ကောင် တောင်ပံတဖြတ်ဖြတ် …. ။

မျက်လုံးထဲတွင် ဇလ မန္တလေးမှ ပို့လိုက်သော စာကို မြင်ယောင်လာသည်။

ကိုလတ်

ဒို့ဒီနှစ်အလုပြကားထွက်မယ်၊ သကြွန်လည်မယ်၊

ဒို့ကားကို “မန္တလာညချမ်း”လို့ နာမည်ပေးထားတယ်၊

မင်းလာဖြစ်အောင် လာပါကွာ။

ငါတို့ မန္တလေး ပြောင်းလာပြီး ကတည်းက မင်းကို လာ

လည်ဖို့ခေါ်တာ တခေါက်မှမရောက်ဖူး၊ ဒို့မန္တလေး

သကြ်န်ကို လာကြည့်စမ်းပါ၊ မင်းတို့ ရန်ကုန်သကြ်န်

ထက် အများကြီးသာပါတယ်၊ တော်ကြာ မန္တလေးက

မပြန်ချင်ဖူး ဖြစ်သွားမယ် ....

လာဖြစ်အောင်လာပါ။

ဒို့ကားမှာ မင်းပါ သီချင်းဆိုဖို့ ဒို့စီစဉ်ထားတယ် ...

**မင်းရဲ့**

**ဗလ**

"ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း သြဘာနိမိတ်ထွန်း"ဟူသော စကားပုံကို ကြားဖူးသည်၊ အစကတော့ လူကြီးတွေ အယူသည်းသည်ဟုပင် ယူဆခဲ့သည်၊ ခုတော့ ... ဟုတ်သလိုလိုပင် ဖြစ်နေချေပြီ။

ဗလ စာထဲမှ " တော်ကြာ မန္တလေးက မပြန်ချင်ဘူး ဖြစ်သွားမယ်" ဆိုသော စာပိုဒ်ကလေးက နိမိတ်ရောင်ပြေးနေသည်။

မရောက်ခင် တုန်းကတော့ ကျနော် မန္တလေးကို သိပ်လာချင်သည် မဟုတ်သည်မှာ အမှန်၊ နေပူဖုန်ထူ အညာသူ ညိုမဲမဲမလေးများနှင့် မန္တလေးဟုတွေး၍ ဗလ အတန်တန် ခေါ်နေသည်ကြားမှ ကျနော် အတော်ခါခဲ့သည်။

ရန်ကုန်မှာဆို အပျံစား၊ ဘယ်သွားမလဲ၊ ဘာလုပ်မလဲ အိုကေ ...၊ အဖေ၏ ညွှန်ကြားရေးမှူး ဆိုသော အရှိန်က အတော်ကလေး ဈေးခေါ်ကောင်းသည်၊ သူ့အဖေက ညွှန်ကြားရေးမှူးဟု ပဋိသန္ဓာရ စကားတခွန်း နှစ်ခွန်းနှင့် လူပေါင်းကလည်း ဆန့်နိုင်သည်။

ထို့ကြောင့် ကျနော် မန္တလေးမလာချင်ခဲ့။

ခုတော့ကော.... ဟု မေးစရာရှိသည်၊ အဟဲ .... ဟဲ.... ဟဲ ..... ဟု ရယ်ကျဲကျဲလေးသော ကျနော် ဖြေနိုင်တော့မည်ထင်၏ ၊ အဲ ... ထင်ရုံသာ ရှိသေးပါသည်။

ကားလေးက ကျုံးရှေ့ ရောက်လာသဖြင့် အတွေးစအလိုလို ရပ်သွားပြီးကျုံးကြီးဖက်သို့ လှမ်းကြည့်နေမိသည်၊ တစ်လမ်းလုံး မနိုင်ရင်ကာ စိုလာသော ရေများကြောင့် လေတိုးသည့်အခါ ချမ်းစိမ့်စိမ့် ဖြစ်လာသည်၊ ခုတောင် အကြိုနေ့ စောစောပိုင်းမို့သာ တော်သေးသည်၊ နောက်နေ့များဆို မလွယ်။

အတွေးစက ပြန်လည်လာသဖြင့် ဗလကို အမှတ်တမဲ့ မေးလိုက်သည်။

“ဗလ .... မင်း အဲဒီ ကောင်မလေးကို သိလား”

“ဟ .... ဘယ်သိမလဲ၊ သူ့ဖာသာသူ လမ်းဘေးတောင်းစားနေတာ၊ ငါက သူတောင်းစား စာရင်းကောက် အဖွဲ့မှ မဟုတ်တာ”

“ထွတ်”

ကျနော် ရှုံ့သွား၏ ၊ သည်တော့မှ ကျနော် ပတ်ဝန်းကျင်ကို သတိထားလိုက်ရာ ကျုံးဘေး ပလက်ဖောင်းပေါ်မှာ လျှောက်လာသော သူတောင်းစားမလေး တယောက်ကို သတိထားလိုက်မိသည်၊ ဗလ .... ငကြောင်။

“သောက်ရူး၊ ငါကလဲ ဒီကောင်မလေးတော့ မေးမလားဟ၊ မဆီမဆိုင်၊ ခုန ရေပက်တဲ့ ကောင်မလေး မေးတာ”

“ဟာ....ဘယ်မှတ်မိမလဲကွာ၊လမ်းတစ်လျှောက်လုံး ရေပက်လိုက်တဲ့ ကောင်မလေးတွေ ချည့် ဘဲ တသိန်းလောက်ရှိတာ”

တည့်တည့် မပြောသမျှ ကမ္ဘာကို ခြေလျင်ပတ်ရသည်ထက် ခရီးက ရှည့်တော့မည်၊ အရိပ်ပြ၍ တော့ အကောင်မြင်စရာမရှိတော့။

“ဟေ့ကောင်....ဗလ၊ မကြောင်နဲ့ကွာ၊ ငါမေးတာ ဟိုမင်းနဲ့ သိတဲ့

အဝါရောင် ကောင်မလေး မေးတာ”

“အော်....ဒါလား”

အကောင်ပြတော့မှ ငနဲသားက အရိပ်ကို နဲနဲ မြင်လာသည်။

“အဲဒါ ဘာဖြစ်လဲ”

“ဘာဖြစ်ရမလဲဟ.... ငါသိချင်လို့ မေးတာပေ့ါ၊ သူက ဘယ်သူလဲ၊ ဘာလဲ၊ ညာလဲပေ့ါကွာ”

“အော....အော...သူက ဒီမြို့မှာ အချမ်းသာဆုံး စာရင်းဝင် ခိုင်ရွှေဝါ ပွဲရုံပိုင်ရှင် ဦးသိန်းထိုက်ရဲ့ သမီး ခိုင်ရွှေဝါ...တဲ့၊ ဒီမြို့မှာတော့ ဒိတ်ဒိတ်ကြဲထဲကဘဲ”

ခိုင်ရွှေဝါဆိုသော အမည်ကြောင့် ကျွန်တော့်ရင်ထဲ ပိတောက်နံ့လေး သင်းသွားသည်၊ အဝါရောင် အရိပ်ကလေးများယှက်သွားသည်။

“မင်းနဲ့ အတော်ခင်လား”

“ငါနဲ့တော့ ရင်းတယ်၊ အတန်းတူ အခန်းတူတွေ၊ ဘာလဲ မင်း စိတ်ဝင်စားနေလို့လား”

သွယ်သွယ်ဝိုက်ဝိုက် ပြောခြင်းဖြင့် အကျိုးရှိစရာ အကြောင်း မမြင်နိုင်ကြောင်း သိထားသဖြင့် လိုချင်တာ တန်းပြောချရတော့သည်။

“အေး....ငါသူ့ကို ခင်တယ်ကွာ၊ မိတ်ဆက်ပေးစမ်းပါ”

ဗလ ဟားတိုက်ရယ်ချလိုက်၏၊ ရယ်သံကြားမှ....

“နင်ခင်ဒါ နာတိဘာဒယ် ဆိုတာမျိုး ဖြစ်နေပြီ ထင်တယ် ငလတ်ရေ၊ ဒါပေမယ့်...ကြိုပြီး တားပါရစေ၊ ဒီပန်းကမြင့်ပါတယ် သူငယ်ချင်းရာ၊ မလှမ်းချင်ပါနဲ့၊ တော်ကြာ..... မင်းအသဲကွဲ နေပါဦးမယ် ”

ဆယ်တန်းမအောင်သေးသော လခစား ညွန်ကြားရေးမှူး

တစ်ယောက်၏ သားနှင့် အချမ်း သာဆုံး စာရင်းဝင် သူဌေးသမီးတို့ကို ရည်ရွယ်သည်ဟု ထင်လိုက်သည်၊ သည် တံတိုင်းက ကျနော့မျက်စေ့ထဲတွင် သိမ်ငယ်လွန်းလှ၏ ။

ဗလကိုတော့ ဘာမှ ပြန်မပြောမိ။

လုံးကနဲဝင်လာသော ရေလုံးများကိုသာ ရှောင်ရင်း တိမ်းရင်း စိတ်ထဲမှ တိုးတိုးလေး ပြောလိုက်မိသည်။

“ အသဲကွဲချင်လဲ ကွဲပစေတော့ သူငယ်ချင်းရေ..... ငါတော့ သူ့ကို သိပ်.....”

တခါမှမခံစားဘူးသော ရင်နဲ့မှုလေး ရလိုက်သည်။

တိုက်တိုက် ဆိုင်ဆိုင်ပင်၊ ပင်ထက်မှ ကြွေကျ လာသောပိတောက်ပွင့်လေးတစ်ပွင့်က ကျွန်တော့် ရင်ခွင်ထဲ တန်းတန်းမတ်မတ် ကျလာသည်။

အော်.....အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ။

“ မြို့မ အဖွဲ့သားများ ကျန်းမာစေ”

“ နဂါးမယ် အဖွဲ့သူများ ကျန်းမာပါစေ ”

သည်အသံများက ကြားစက အတော် ထူးဆန်းနေသည်၊ မရှက်တန်းဝန်ခံရလျှင် ကျွန်တော်တို့ ရန်ကုန်၌ ဒါမျိုးမရှိ၊ မဏ္ဍပ်တွင်းသို့ ကားဝင်သည်၊ ဖျော်ဖြေမည်၊ သို့မဟုတ် ပြိုင်ပွဲဝင်မည်၊ ပြီးတော့ အသင်းခေါင်းဆောင် တစ်ဦးတည်းက နှုတ်ဆက်၍ တိတ်တိတ် ဆိတ်ဆိတ် ပြန်ထွက်သည်၊ မဏ္ဍပ်မှ တာဝန်ရှိသူ တယောက်က နှုတ် ဆက်မည်၊ ပြီး ကိုယ့်နေရာကိုယ် ပြန်ထိုင်နေမည်၊ ဘေးမှ ရေပက်ခံကားများက “နို့ဆီခွက်၊ နို့ဆီခွက်” ဟု အော်၍ လှောင်ပြောင်သွားမည်။

မန္တလေး၏ ချစ်စရာကောင်းသော ယဉ်ကျေးမှု ဓလေ့လေးကို သည်မှာတွေ့ရ သည်၊ပြိုင်ပွဲဝင် သို့မဟုတ် ဖျော်ဖြေသည့်ကားများကလည်းတသင်းလုံးက မဏ္ဍပ်ကို ကျန်းမာ ပါစေဟု လှိုက်လှိုက် လှဲလှဲ ဆုမွန်ချွေခဲ့သည်၊ မဏ္ဍပ်ကလည်း အသင်းကို ကျန်းမာပါစေဟု လှိုက်လှိုက်လှဲလှဲ ဆုမွန်ချွေ နှုတ်ဆက်သည်။

ကျွန်တော်တို့ရှေ့မှ မြို့မကားသည် ကိုဝင်းဦး၏ မြို့မ တေးသံ သီချင်းနှင့်အတူ မြိုင်မြိုင် ဆိုင်ဆိုင်ကြီးထွက်ခွာသွားသည်။

"ခင်တို့မအိုဘဲ....နုပျိုပါစေဗျာ....မြို့မတေးသံ သောင်းညံငြိမ့်ငြိမ့်ဆိမ့် အိမ့်လို့ပင်ကြည် နှစ်သိမ့်မယ်ထင်....

မြို့မငွေဝန်းကြီးက ငြိမ့်ငြိမ့်ကြီး ထွက်ခွာသွားသည်၊ ရွှေမန်းမေတို့၏ ကားကြီးကားငယ် အသွယ်သွယ်တို့ကလည်း မြို့မကို ရံလျှက် လိုက်ပါသွားကြသည်၊ မန္တလေးမြို့သည် အနုပညာရှင်များကို တကယ် မြှောက်စား၍ တကယ် အားပေးသောမြို့ပါတကား။

နံမည်ကြီး နဂါးမယ် မဏ္ဍပ်တွင်းသို့ `မန္တလာညချမ်း`က လည်း ငြိမ့်ငြိမ့်ငြောင်းငြောင်း တေးသံနှင့်အတူ ဝင်လာသည်။

နဂါးမယ် လေးများ၏ အကကကြိုးဆို နှုတ်ဆက်သည်။ နဂါးမယ်လေးများ၏ ကပုံ ကနည်းကကြိုး ကကွက်ကို ကြည့်၍ အနုပညာဖြင့် အသက်မွေးသူများ ပါ မပါတော့ ကျွန်တော် မသိ၊ သို့သော် ရန်ကုန်မြို့မှ တချို့အငြိမ့်သမများထက်ပင် သာကြောင်း တွေ့ရ၏ ။

နဂါးမယ်တို့၏ ဖျော်ဖြေမှု ပြီးသောအခါ ကျွန်တော်တို့ အလှည့် ရောက်လာသည်၊ ကျွန်တော်တို့ကားမှ အစီအစဉ် ကြေငြာသံ ထွက်လာသည်၊ နွှယ့်အသံ ချိုအေးအေးဖြင့်.....

"မန္တလာညချမ်းမှ ဦးဆုံး ဖျော်ဖြေမှာကတော့ တေးသံရှင်ကိုလတ်ရဲ့

`မန်းတောင်ရိပ်ခို` ပါဘဲရှင်”

တေးသံရှင်အမည်မှာ သူတို့နှင့် စိမ်းနေသော်လည်း မန်းတောင်ရိပ်ခိုမှာ အလွန် ရင်းနှီးနေသည့် အပြင် ကြား၍ မရိုးနိုင်သော သီချင်း ဖြစ်သဖြင့် လက်ခုပ်သံများ ပေါ်ထွက်လာသည်။

ကျွန်တော် မိုက်ကရိုဖုန်းကို ကိုင်၍ ပရိတ်သတ်ကို လက်အုပ်ချီ ဦးညွတ်လိုက်သည်၊ တီးဝိုင်းမှ အဆင်သင့် ဖြစ်မဖြစ် အချက်ပြကို မြင်ရန် ဝိုင်းဘက်လှည့်လိုက်သည်၊ လိ(ဒ်)ဂီတာ လွယ်ထားသော ဗလက ကျွန်တော့်နားကပ်၍ ....

“ကိုလတ်....ဟိုရှေ့မှာ....ခိုင်ရွှေဝါ”

ကျွန်တော့်ရင်ထဲ ဒိန်းကနဲ ဖြစ်သွားသည်။ပရိတ်သတ် ရှေ့တွင် ထိန်းသိမ်းရမည့် အိန္ဒြေကို ခဏမေ့သွားပြီး ပြာပြာသလဲ ရှေ့လှည့်ကြည့်လိုက်သည်၊ ကျွန်တော့် ရှေ့စောင်းစောင်းမှ မာစီဒီးကားနက်လေး၏ ရှေ့ခေါင်းပေါ်တွင် ထိုင်၍ ကြည့်နေသော ခိုင်ရွှေဝါကို လှမ်းမြင်လိုက်ရ၏၊ ကျွန်တော့်ရင်ထဲက တလှပ်လှပ်ခုန်သွားသည်၊ ခိုင်ရွှေဝ့ါ မျက်နှာက ပြုံးလဲ့လဲ့။

ကျွန်တော့် ကျောဖက်မှ လျှပ်စစ်ဂီတာနှင့် မြန်မာ့ တူရိယာ ပစ္စည်းများ ရောစပ်ထားသော တီးလုံးပျိုးသံ ထွက်လာသည်။

ကျွန်တော့် မျက်လုံးအစုံက ခိုင်ရွှေဝါထံ ရောက်နေသည်၊ ကျွန်တော့် ပတ်ဝန်းကျင်မှ အရာများအားလုံး မှေးမှိန်ပျောက်ကွယ်သွားသည်၊ တလောကလုံးတွင် ရွှေဝါနှင့် ကျွန်တော် နှစ်ယောက်ထဲသာဖြစ်သွားသည်၊ ရွှေဝါရယ်.... ကျွန်တော်ရယ်.... ဂီတသံလေးများရယ် .... ကောင်းကင်ကပြည့်ပြည့် ဝန်းဝန်း လမင်းကြီးရယ်၊ ဒါဘဲလေ...ကျွန်တော် ခိုင်ရွှေဝါအနားသို့ ရောက်နေသည်၊ ခိုင်ရွှေဝ့ါကိုလည်း နှစ်ယောက်ထဲ တိုးတိုးလေးပြောနေမိသည်၊ စကားသံလေးများက တေးသံလို ဖြစ်နေသည်၊ သို့သော် အမှန်က ရင်းတွင်း ခံစားချက်များ....ရွှေဝ့ါကို

ပြောချင်သည့် စကားများသာ….။

“ချိုပြုံးရွှင်သော နှမပျိုငယ်….တကိုယ်လုံးပင် ချောအလှပိုတယ်၊ မြို့မနဲ့ တမိထဲ ဖွားလို့၊ ဆိုတော့မယ်ကွယ်….”

ဆရာမြို့မငြိမ်း၏ တေးစာသားများသည် ကျွန်တော့်ရင်တွင်းမှ စကားများ ဖြစ်လာသည်။

“….ယဉ်စစနဲ့ မြင်လိုက်ရတာ ….အဝတ်အစားမှာလဲ အလွန်တင့်တယ်၊ ထွန်းသစ်စ လရောင်နှယ်….၊ ခိုင်ညွှာတံ ပွင့်လန်း ပန်းသို့နှယ်…..၊ ရိုးရိုးသားသားနဲ့ ကျူပ်တို့မြို့မက ကျေနပ်တယ်၊ မြနန္ဒာ…ရေညိုညိုရစ်ကာသန်းတော့ ရွှေမန်းတောင်ရိပ် ခိုသူ ခိုသူ ပျိုဖြူတွေရယ်၊ မြလေး လေး နန္ဒာ နန္ဒာ…..နေ….ညို….ညို ရစ်ကာသန်းတော့ ရွှေမန်းတောင်ရိပ် ခိုသူ ခိုသူ ပျိုဖြူတွေရယ်…”

ကမ္ဘာပေါ်တွင် ရောင်စုံပန်းလေးများ အားလုံး ပွင့်ဖူးနေကြပေလိမ့်မည်၊ ငှက်ကလေးများ အားလုံး တေးဆိုနေကြပေလိမ့်မည်။

လမင်းကြီးသည်လည်း အဆ တစ်ရာလောက် ပွားနေပေလိမ့်မည်။

“ပျော်ခင်းလေး သာပါဘိတယ်၊ အတိတ်ကောင်း ယူမယ်၊ နှစ်ဦးခါ သင်္ကြန်ဝယ်….”

လရောင်နှင့် မီးရောင်စုံကြားမှာ ခိုင်ရွှေဝါသည် အလွန်လှလွန်းနေသည်။

“ခါးသေးနွဲ့ မူဟန်ကြွယ်၊ လှဂုဏ်မြင့်ဘွယ်၊ မာလာနွယ် ခိုင်ညွှာရယ် တစ်ယောက်ဆို တစ်ယောက် လို့ အောင့်မေ့တယ်….”

ခပ်လှမ်းလှမ်းမှ ဖြစ်နေသော်လည်း ခိုင်ရွှေဝါ မျက်လွှာ ချလိုက်သည်ကို လှမ်းမြင် လိုက်ရ၏ ၊ကျွန်တော့် စိတ်များက သူ့အပါးသို့ တိုးကပ်သည်ထက် တိုးကပ်သွားသည်။

ရွှေဝါ့ကိုယ်ငွေ့ နွေးနွေးသည် ကျွန်တော့်ရင်ကို ရိုက်ခတ်လာသည်၊ သီချင်း၏ အဆုံးပိုဒ်ကို ကျွန်တော့် မည်သို့ ဆိုလိုက်မှန်း ကျွန်တော် မသိတော့၊ လက်ခုပ်သံ တဖြောင်းဖြောင်း ဆူညံသွားသည်ကို ကျွန်တော်ကြားရမှ လောက စစ်စစ်ထဲကို ကျွန်တော် ပြန်ရောက်လာသည်၊ လက်ခုပ်သံများကြားမှ ရွှေဝါ၏ ကြည်နူးသောအပြုံးနှင့် လက်ခုပ်သံလေး ကို ကျွန်တော် သီးသန့် ခံစားလိုက်ရသည်။

"ကိုလတ်....သိပ်ကောင်းတယ်ကွာ"

ဗလ၏ အသံက ကျေနပ်သံလွှမ်းနေ၏ ။

*

"ကိုလတ် သိပ်ကောင်းတယ်ကွ"

ကိုဘနှင်း၏ အသံက ကျေနပ်သံ လွှမ်းနေသည်။

ကျွန်တော် ပြုံး၍ ခေါင်းညိမ့်ပြလိုက်၏ ၊ နောက်လူများ ဆက်ဆိုနေချိန်တွင် ကျွန်တော် အိပ်ယာအနီးရှိ သံတိုင်ကြားမှ အပြင်ဖက် လှမ်းမျှော် ကြည့်မိသည်။

မှောင်မဲနေသော အရှေ့ကဘက် အုတ်ရိုးထောင့်တွင် မီးလေး လုံးသာ နီကျင်ကျင် လင်းနေသည်၊ အထက်အောက် ဘယ်ညာ၌ အမှောင်ထု သိပ်သည်း လွန်းလှ၏ ။

ဗုံးဂဆီမှ သံချောင်းခေါက်သံ ပေါ်လာသည်။

`အိပ်ချိန်`

အဘကြိုင်၏ ကြားနေကျ အသံကို ကြားလိုက်ရသည်၊ အားလုံး

ကိုယ့်နေရာကိုယ်ပြန်၍ အဆင်သင့် ခင်းထားသော အိပ်ယာများပေး လှဲနေလိုက်ကြသည်။

ကျွန်တော်တို့ ကမ္ဘာလေးမှာ အားလုံး တိတ်ဆိတ်သွားပြီမို့ အဝေးမှ အသံများက ပို၍ ပီသလာသည်။ စကားလုံးမသဲကွဲသော်လည်း သံချပ်တိုင်နေမှန်း သိသာသည်။

ပျော်စရာ မကောင်းသော ကမ္ဘာကျဉ်းလေး တွင်ပင်ကြံဖန်၍ ပျော်နိုင်သေးလျှင် ပျော်စရာကောင်းသော ကမ္ဘာကျယ်ကြီး၌ မည်မျှ ပျော်စရာ ကောင်းလိုက်မည်နည်း။ အပျော်များ ပျောက်ဆုံးခဲ့သည်မှာ ကြာပြီဖြစ်သော ကျွန်တော့်မှာ ပျော်ရွှင်ခြင်းကို အာသာ ငမ်းငမ်း တောင့်တ လာမိသည်။

ရင်ထဲ၌ ပြုဆင်းလာသော ဝေဒနာကြောင့် ကျွန်တော်နဖူးပေါ် လက်တင်ပြီး မျက်နှာကျက် ဖြူဖြူကိုငေးကြည့် ရင်း မျက်ရည်ဝဲလာသည်။

တခါတုန်းက ကျွန်တော့် ဝန်းကျင်ဝယ် လူးလားခတ်မျှ ပျံသန်းခဲ့သော အပျော်ငှက်ငယ် သည် ယခုအခါ ဘယ်သို့ ပြေးရှောင်သွားခဲ့လေပြီမသိ။

*

# အခန်း(၂)

အကျနေ့မနက်တွင် ကျွန်တော်တို့မေမြို့ တက်ရန် ပြင်ဆင်ကြသည်။

မေမြို့ မန္တလေး စသည်တို့သို့ မရောက်ဖူးသော ကျွန်တော်သည် အရာအားလုံးတွင် အပျော်များချည့်သာ ဖြစ်နေ၏ ။ ဗလတစ်ယောက် ဂျစ်ကားပေါ်သို့ ပစ္စည်းများ တင်ရင်း ပါးစပ်ကလည်း တတွတ်တွတ် လှုပ်ရှားနေသည်။

“ ညွှန့်သောင်း အကော်ဒီယံ ပါပြီလား၊ ရေမစိုအောင် ပလပ်စတစ်နဲ့ သေချာထုပ်နော် ”

“ နွယ်ရေ မြန်မြန်လုပ်ဟေ့… စောစောလေးတက်ရအောင် ”

`လူစုံရင် ကားပေါ်တက်ဟေ့… သွားမယ် `

`ကိုလတ်… လာလေကွာ၊ ဘာငေးနေတာလဲ`

ကားပေါ်သို့ လူများတက်နေချိန်တွင် ကျွန်တော်တစုံတရာကို လှမ်းတွေ့လိုက်သဖြင့် ငေးနေသည်ကို ဗလက လှမ်းမေးလိုက်၏ ၊ ကျွန်တော်က ဘာမှ ပြန်မပြောဘဲ ခြံဝဆီသို့ မေးငေါ့ပြ လိုက်သည်။

ဗလက ကျွန်တော်မေးငေါ့ပြရာသို့ လှမ်းကြည့်လိုက်ပြီး…

`ဟော…`

မာစီးဒီး ကားနက်တစီးက ခြံထဲဝင်လာသည်၊ ဂျစ်ကားပေါ် လှမ်းတက်ရန် ပြင်နေသော နွယ်က ကားကို မြင်လိုက်သည်နှင့်…

`ဟယ်… ခိုင်ရွှေဝါပါလား`

ဗလက ကျွန်တော့်ကို မျက်စေ့တဖက် မှိတ်ပြလိုက်သည်။ ကျွန်တော့်ရင်ခုန်သံများ မြန်လာသည်၊ ကားလေးရပ်သွားသောအခါ နောက်ခန်းမှ

ကားတံခါးပွင့်သွားပြီး ခိုင်ရွှေဝါ ဆင်းလာ သည်၊ ကားတံခါးကို ပြန်ပိတ်လိုက်ရင်း ခိုင်ရွှေဝါသည် ကျွန်တော်တို့တသိုက် ဖက်သို့ မျက်လုံးတချက် ဝေ့ကြည့်လိုက်၏။ ပြီးမှ ခါးကအင်္ကျီကို ဆွဲဆန့်လိုက်၍ နွယ့်ကို ပြုံးပြရင်း...

“ ပစ္စည်း ပစ္စယတွေရော ကားရော လူတွေရောနဲ့ ဒါက ဘယ်လဲ နွယ် ”

မေးရင်းမြန်းရင်း ကျွန်တော့်ဖက် ဖြတ်ကနဲ လှမ်းကြည့်လိုက်သည်၊ ကားပေါ်က ဆင်းလာကတည်းက မျက်လုံးမခွာသေးသောကျွန်တော့်မှာ သူခိုးမိသွားသဖြင့် ရှက်ကိုး ရှက်ကန်း မျက်လွှာချလိုက်ရ၏။

`မေမြို့လေ... ရန်ကုန်ကဧည့်သည် အရောက်ဖူးလို့ လိုက်ပို့မလို့`

ဗလက လက်ကုပ်၍ သူတို့နားသို့ ကပ်သွားသဖြင့် ကျွန်တော်လည်း ဗလနောက်က ကပ်လိုက်သွားသည်၊ ဗလက...

`ဘာလဲဟေ့ ... ရွှေဝါ၊ ဒို့ကား လူကြပ်နေလို့ လိုက်ပို့မလို့လား`

`သွားပါ... မန္တလေးတမြို့လုံး ကိုဗလဘဲ ကြောက်နေရတယ်`

ယောင်တောင် ပေါင်တောင်နှင့် ကျွန်တော် ဗလဘေး ဝင်ရပ်လိုက်ရာ ခိုင်ရွှေဝါနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်၊ နွယ်က...

`အော်... ဒါနဲ့... ရွှေဝါ့ကို မိတ်ဆက်ပေးရအုံးမယ်၊ ဒါ...`

`ကိုယ်သိပြီးပါပြီနွယ်...၊ ညက နဂါးမယ်မှာလဲ တွေ့လိုက်ရတာ ဘဲ၊ ကျွန်တော် ...ခိုင်ရွှေဝါပါ`

ခိုင်ရွှေဝါက နွယ့် မိတ်ဆက်စကားမဆုံးခင် ကျွန်တော့်ဖက်လှည့်၍ သူ့ဖာသာသူ မိတ်ဆက်လိုက်သည်၊ ကျွန်တော်ဆိုသော အသုံးလေးက ကျွန်တော့်ရင်ထဲ ညိသွားသည်၊ တစ်ခါမှ မိန်းကလေးများနှင့် နီးနီး ကပ်ကပ်ကို အိနြေ္ဒရရ စကားမပြောဖူးသဖြင့် ကျွန်တော် အနည်းငယ် အန်းချင်သွားသည်၊ သို့သော် မသိမသာ... လေကိုထိမ်း၍ ...

`ဟုတ်ကဲ့ခင်ဗျာ... ကျွန်တော် ကိုလတ်ပါ၊ ခုလို ခင်ရတာ ဝမ်းသာပါတယ် ဟဲ...ဟဲ...`

ကျွန်တော့် ဟဲဟဲကြောင့် ခိုင်ရွှေဝါဆီမှ မျက်စောင်းတချက် ဒိုင်းကနဲ ရောက်လာသည်၊ ဗလက ကျွန်တော့်ကို တတောင်နှင့်တွက်လိုက်၏ ၊ အမှန်တော့ ကျွန်တော် မျက်နှာပိုး မသတ်ခြင်းက တရားခံ၊ မနဲထိမ်းပြီး အတည်ပေါက် ပြောနေရင်းမှ ခိုင်ရွှေဝ့ါ မျက်နှာကို ကြည့်ရင်း မနေ့က အဖြစ်အပျက်များကို သတိရသွားသဖြင့် ဟဲ ဟဲ မိလိုက်ခြင်း ဖြစ်သည်။

အငြိမ်မနေနိုင်သော မိနွယ်က...

`ကိုလတ်က ဘာ ဟဲ ဟဲ... လဲ`

`အော်...အော်...ဘာမှ မဟုတ်ပါဘူး၊ ပလပ်စတစ် ခွက်စောင်း သတိရလို့ပါ`

ခိုင်ရွှေဝ့ါ မျက်နှာ ပြုံးစစ ဖြစ်သွား၏ ၊ နွယ်က ကျွန်တော့်စကားကို နားမလည်သဖြင့် မျက်ခုံးနှစ်ဖက် ကျုံ့လိုက်၏ ။

`ကဲ...နွယ်...ကိုယ်ပြန်မယ်၊ ကဲ...အားလုံးဘဲ သွားမယ်နော်၊ တော်ကြာ နောက်ကျ နေကြမယ်`

`နေအုံး ရွှေဝါ... မင်းပါ အားရင် လိုက်ခဲ့ပါလား၊ အို ကွာ... လိုက်သာလိုက်ခဲ့ပါ၊ ပျော်ပျော်ပါးပါးပေါ့`

နွယ့်စကားအဆုံး ခိုင်ရွှေဝါအကြည့်က ကျွန်တော့်ထံ ရောက်လာသည်၊ ကျွန်တော် ကမန်းကတမ်း မျက်လွှာ ချလိုက်မိသည်၊ နားကတော့ မျှော်လင့်ချက် ကြီးစွာနှင့် စွင့်ထားမိသည်။

`ကိုယ် အိမ်ကို ခဏလို့ပြောပြီး ထွက်လာတာကွ`

ငြင်းသံမပါသော်လည်း ကျွန်တော့်ရင် နဲနဲ ပူသွားသည်၊ နွယ့်ထံမှ

ပေါ်လာမည့် စကားသံကို အားကိုးတကြီး စောင့်နေမိသည်။

`ကားကို မှာလိုက်ပါလားကွ၊ ဦးတင်ငွေကြီးကို ကိုယ်ပါ ဝိုင်းမှာပေးမယ်လေ…`

ကျွန်တော် မနေနိုင်တော့သဖြင့် မျက်လွှာပင့်၍ ကြည့်လိုက်သည်၊ ခိုင်ရွှေဝါ မျက်လုံး အစုံက ကျွန်တော့်ဆီ ရောက်လာပြန်သည်၊ အနည်းငယ်လည်း စဉ်းစားနေပုံရသည်၊ နွယ်က လက်မောင်းမှ ကိုင်ပြီး…

`ကဲပါ…စဉ်းစားမနေပါနဲ့… လာပါ၊ ဦးတင်ငွေကြီးကို မှာလိုက်မယ်၊ လာ ရွှေဝါ`

ဆို၍ ကားဆီသို့ ရွှေဝါ့ကို အတင်း ဆွဲခေါ်သွားသည်၊ ကားထဲမှာ ဒရိုင်ဘာ ဦးတင်ငွေကြီးအား သူတို့ နှစ်ယောက်မှာနေသည်ကို ကြည့်၍ ကျွန်တော့်ရင်ထဲ ဘုရားပွဲ လှည့်နေသည်၊ နွယ့်ကိုလည်း အကြိမ်တထောင်မက ကျေးဇူးတင်နေမိသည်။

သူတို့နှစ်ယောက် ပြန်လှည့်လာချိန်တွင် ကျွန်တော် ဝမ်းသာလွန်းသဖြင့် ဘာလုပ်ရ ဘာကိုင်ရမှန်းပင် မသိတော့၊ ဗလကိုသာ တိုးတိုးလေး…

“နွယ့်ကိုတော့ သိပ်ကျေးဇူးတင်သွားပြီ ဗလရေ”

ခြံရှေ့ ပိတောက်ပင်ပေါ်မှ ပိတောက်ပွင့်များ အားလုံးပြုံးနေသည်ဟု ကျွန်တော့်စိတ်ထဲ ခံစား လိုက်ရ၏ ။

အားလုံး ကပေါ်တက်မိချိန်မှ နွယ်က ကမန်းကတမ်း …..

“ကိုစော ခဏနေပါဦး”

စက်နှိုးနေသော ကိုစောက စက်ကို ပြန်ပိတ်လိုက်ပြီး လှည့်ကြည့်လိုက်သည်၊ ဗလက ….

“ဘာလုပ်အုန်းမလို့လဲ နွယ် ….”

"ရွှေဝါဖို့ သဘက်တစ်ထည် သွားယူဦးမလို့ ကိုကိုရဲ့"

သည်တော့မှ ရေပက်နေချိန်ပါလားဟု ကျွန်တော် ရင်ခုန်စွာ အမှတ်ရလိုက်သည်၊ နွယ်ပြန်ထွက်လာသောအခါ လက်ထဲ၌ သဘက်တစ်ထည်ပါလာသည်၊ ကျွန်တော်လည်း ခါးမှာ ပတ်ထားသော မျက်နှာသုတ်ပဝါကို လည်မှာ ပတ်လိုက်သည်၊ ကားရှေ့ခန်းမှာ ကိုစောနှင့် ကိုညွှန့်သောင်း ထိုင်၍ ကားနောက်ခန်းမှာ ဘယ်ဘက်ဘေးတန်း၌ ကျွန်တော်၊ ညာဘက် ဘေးတန်း၌ ဗလနှင့် အလယ်ထိုင်ခုံ၌ ခိုင်ရွှေဝါနွယ်နှင့် ဗလ၏ ညီမအငယ်ဆုံး တိုးတိုးလေးတို့ ထိုင်သည်၊ တိုးတိုးလေးက အလယ်မှာထိုင်၍ ခိုင်ရွှေဝါက ကျွန်တော်ဖက်မှာ။

ကားကလေး ခြံဝမှ ထွက်လိုက်သည်နှင့် ဝုန်းကနဲအသံနှင့် အတူ တကိုယ်လုံး ကျင်တက်သွား သလို ခံစားလိုက်ရသည်၊ ကားတကားလုံးလည်း အော်ဟစ်သံများဖြင့် ဆူညံသွားသည်။

"အပါး .... တကယ့်ကို အေးတဲ့ ရေခဲရေပါလား"

"ရေမွှေးတွေဟော့ .... မွှေးလိုက်တာ"

ကားပေါ်မှ သူများ၏ အဖြစ်ကို အလွန်သဘောကျနေသူ ရေခဲရေ မွှေးမွှေးပိုင်ရှင် မန္တလာ ညချမ်း ၏ စန္ဒယားဆရာ ကိုနေမင်းလှိုင် က အားရပါးရယ်ရင်း ...

"ပွဲဦးထွက် မင်္ဂလာ ရေ အေးအေး မွှေးမွှေးလေးပါဟ၊ ဘာလို့ ဒီလောက်အော်ကြတာတုံး"

"အမလေး .... မင်္ဂလာရေအေးမို့ တော်တော့တယ် ကိုနေမင်းရယ်၊ နှိပ်စက်ချင်လို့ လုပ်တာ ဆိုရင် အသက်တောင်ပါမယ်"

ကျွန်တော်တို့အားလုံး ဝိုင်းရယ်လိုက်ကြ၏ ။ ရယ်ရင်း မောရင်းပင်

ကျွန်တော် ခိုင်ရွှေဝါကို ကြည့်ဖြစ်အောင် ကြည့်လိုက်မိသေး၏၊ ခိုင်ရွှေဝါကလည်း ရှက်ပြုံးလေးနှင့် ကြည့်နေခိုက်နှင့် အဆုံ....။

အဟဲ .... ကျွန်တော် ရင်နဲ့နဲ့ တုန်သွား၏ ။

ရေလုံးကြီးများ ဝုန်းကနဲ ဝင်လာသည်၊

ပထမတော့ ကျွန်တော်တို့လည်း လက်ကာ ခေါင်းလွှဲ စသဖြင့် ရှောင်နည်းမျိုးစုံနှင့် ရှောင်သေး၏ ။ သို့သော် အလည်မှာ အမျိုးသမီးများပါလာသည်ကို တွေ့သော မန္တလာသားများ ကလည်း အစွမ်းကုန်ကြဲ လေတော့ရာ ကျွန်တော်တို့လည်း မတတ်နိုင်တော့ ၊ သဘက်များ ခေါင်းခြုံ၍ ခေါင်းများ ငုံ့ပြီး လည်စင်းခံရတော့သည်။

ကျုံးထဲကရေများ ကုန်လုပြီထင်သည် ရေများက ရပ်သွားသည်ဟူ၍ မရှိ၊ ဝေါကနဲ ဝေါကနဲ ဝင်ဝင်လာသည်။

ပက်နေသူများကို ကျောပေးထားပြီး ခေါင်းငုံ့၍ အနှိပ်စက်ခံနေသော ကျွန်တော်ရင်ခွင် ခေါင်းအောက်ထဲသို့ တစုံတရာက တိုးဝင်လာသည်၊ ကျွန်တော် အအေးဒဏ်ကြောင့် မဟုတ်ဘဲ ကျောထဲ၌ စိမ့်ကနဲ ဖြစ်သွား၏၊ ခိုင်ရွှေဝါ ....။ ခိုင်ရွှေဝါ ဘဲ ဖြစ်မည်၊ အနီးဆုံးက .....သူ။

"ကိုလတ် ကာထားစမ်းပါ၊ ရွှေဝါမွန်းလာပြီ"

အသံတိုးတိုးလေး ပေါ်လာသဖြင့် ကျွန်တော် တုံတုံရီရီနှင့် သဘက်ကို ဖြန့်ပြီး သူ့ကို ကျောမှ သိုင်းဖက်၍ ကာပေးထားလိုက်သည်။

"ကာနယ်ကြီးဟေ့ .... ကာနယ်ကြီး"

ဘာအဓိပ္ပာယ်မှန်း သိနေသော ကျွန်တော်မှာ မျက်နှာတစ်ခုလုံး ထူပူသွား၏ ။ ထို့ကြောင့် ဆတ်ကနဲ လက်ကို ပြန်ရုပ်လိုက်မိ၏ ။

"ကာထားပါ ကိုလတ်ရဲ့"

ရွှေဝါ့အသံကလေး ထပ်ပေါ်လာပြန်သဖြင့် ကျွန်တော် ကမန်းကတမ်း ပြန်၍ ကာလိုက်ရ၏ ၊ ဝီစီသံ ပေါ်လာသည်၊ ရေပက်နေခြင်းများရပ်သွားသဖြင့် ကျွန်တော် ခေါင်းမော့ကြည့်လိုက်ရာ ခေါင်းဆောင်ဟုထင်ရသော ပုဂ္ဂိုလ်က ကားထွက်ရန် လက်ပြနေသဖြင့် ကိုညွန့်သောင်း ကားမောင်း၍ ထွက်လိုက်သည်။

"ဖယ်တော့လေ ...."

ကျွန်တော့်လက် ဆတ်ကနဲ ခွာလိုက်သည်၊ ကျွန်တော် ဟန်ကို ကြည့်၍ ခိုင်ရွှေဝါက ပြုံးလိုက်သည်၊ ပြီးမှ သူကလည်း အရုက်ပြေ ....

"ရေပက်တဲ့ သူတွေက အားကြီးဆိုးတာဘဲ"

"အေးဗျာ"

ကျွန်တော်ထောက်ခံ သံက တုံးတိတိကြီး ထွက်လာသည်၊ ပြီးမှ ဆက်မပြော တတ်တော့ သဖြင့် ကားရှေ့ကို လှမ်း၍ ကြည့်လိုက်သည်၊ နောက်ကြည့်မှန်ထဲမှ ကိုညွန့်သောင်းက မျက်စေ့မှိတ်၍ ပြလိုက်သည်၊ကျွန်တော် တွန့်သွား၏ ။ သို့သော် ရင်တော့ နဲနဲအခုန်သား။

သည်ပုံနှင့် တလမ်းလုံး ကာလိုက်၊ နောက်ကလည်း ခွက်စောင်းခုတ်၍ ကာနယ်ကြီး ခေါ်လိုက်နှင့် အားရပါးရ တွယ်ထည့်သည့် ဒဏ်ကို ခံလာခဲ့ရရာ မြို့ပြင် ရောက်သော အခါ ကျွန်တော် ကျောတခုလုံး စပ်ဖြင်းဖြင်း ဖြစ်နေတော့သည်။

"ကိုလတ်တော့ မသက်သာဘူး"

ခိုင်ရွှေဝါဆီမှ ဂရုဏာ သံလေး ထွက်လာသည်၊ ကျွန်တော့် ကျောကုန်းမှ နာနေသည့်ဒဏ် ချက်ချင်း ပျောက်သွားသည်၊ ရယ်ကျဲကျဲလေးနှင့် ကိတ်ချမရှိပါဘူး ဆိုသော လေသံနှင့်.....

"ရပါတယ်....အပဲ"

"ဘာ....အပဲ....လဲ၊ သူစကားပြောရင် အပဲ မပါ လို့ကို မဖြစ်ဖူး၊

လှောင်သလို ပြောင်သလို ကျနေတာဘဲ”

မျက်စောင်းလေးနှင့် အတူရောက်လာသော စကားသံဖြစ်သည်၊ ကျွန်တော်ပျော်သွား သည်၊ အဟဲ.... ဆိုတာ ကတော့ ရကိုမရ၊ ကျွန်တော့်အကျင့် ဖြစ်နေပြီ။

မေမြို့လမ်းက သာယာလှကြောင်း ခုမှ သတိပြုမိသည်။ နှစ်ဆယ့်တစ်မိုင်စခန်းမှ လွန်လာ ကတည်းက အကွေ့ အကောက် အဆင်းအတက် စသော တောင်တက်လမ်းများက ရင်ဖိုစရာ ကောင်းလှသည်၊ တောင်တက်လမ်းဟူ၍ မြေနီကုန်း အတက်အဆင်းလောက်သာစီး ဘူးသော ကျွန်တော့်မှာ ပတ်ဝန်းကျင် တစ်ခုလုံး အထူးအဆန်းချည်း ဖြစ်နေသည်။

သို့သော် ခိုင်ရွှေဝါနှင့် ဟိုပြော သည်ပြော ပြောရင်း တစ်ချက်တစ်ချက် အကြည့်ချင်း ဆုံရခြင်း ပီတိက ကျွန်တော့် ရင်ကို ပိုမိုစေသည်။

“နွယ်ရေ သီချင်းဆိုကွာ”

ရယ်စရာများ ပြောလိုက် ရယ်လိုက် လုပ်လာသော ကိုညွန့်သောင်းက နွယ့်ကို ပွဲတောင်း လိုက်သည်၊ သီချင်းလေးနှင့်ဆို ပိုမြိုင်မည် သိကြသော အားလုံးက ဝိုင်း၍ ထောက်ခံလိုက်သည်၊ နွယ်က လေဘာတီ မမြရင်၏ စိမ်းရောင်စို သီချင်းကို ဆိုပြသည်။ ရင် ထဲတွင် လှိုင်းကလေးများ ထလာသည်။

“စိမ်းရောင်စို....ညို့ညို့မှိုင်းရီ၊ တိုင်းရတာ နာပုံ မန်းပြည်၊ စမ်းရောင်ပွင့်ကျော်ခဲ့သည်၊ အောင်စရာအတည်၊ တပေါင်စာစီ၊ အောင်စရာတည်၊ အသက်ကလေး ရယ်တဲ့ ရှည်စေလို၊ မြနန္ဒာရေညို့သန်း (ပြည်တော် ရွှေမန်း တောင်ရိပ်ခိုစို့) ခေါင်းလောင်းသံချိုချို၊ ရွှေဗဟို စည်သံဟိန်း တယ် (ဘေးရန်ပ) ငြိမ်း .... စိမ်းရောင်စို ...။ မန္တလေးကို လိုက်ခဲ့မလားအစ်ကို၊ တပေါင်စကားနဲ့ အောင်ရမယ်ဆိုဆို၊ စံရာနန်းဗဟို ၊ ရန်ဘယာမသန်းလို၊ ဟိုရှေးကစာဆို.... ရွှေမန်းတောင်တော်ရိပ်ခို တောင်ရိပ်ခို၊ မြစမ်းရေညိုစိမ်းရောင်စို...."

မေမြို့အရောက်တွင် ဘီအီးရေတံခွန်ကို အရင်သွားကြသည်၊ ရေတံခွန်တွင်လည်း သကြ်န်သမား တော်တော်များများ ရောက်နေကြရာ လူစည်လှ၏၊ ခိုင်ရွှေဝါနှင့် နွယ်တို့မှာလည်း အတောမသတ် အလောင်းခံနေရသဖြင့် ရေတံခွန်က ရေများထက်ပင် သူတို့ကိုယ်ပေါ်၌ ရွှဲနစ်နေသည်။

ရေစိုနေသော မိန်းမလှလေးများသည် ပို၍ လှနေတတ်သည်ဟု အပေါင်းအသင်း တစ်ယောက်က မှတ်ချက်ချဖူးသည်၊ ကျွန်တော်ထင်ပါသည်၊ ခိုင်ရွှေဝါထက် ပိုလှသူများပင် ခိုင်ရွှေဝါလောက် လှမည်မထင်။

ဘယ်လိုကနေ ဘယ်လို သတ်သတ်မှတ်မှတ် ဖြစ်သွားသည် ဟု ကျွန်တော် မသိတော့၊ သွားရင်းလာရင်းပင် ခိုင်ရွှေဝါနှင့် ကျွန်တော်က တတွဲ ဖြစ်လာသည်၊ ဗလ နှင့် နွယ်တို့မောင်နှမက တစ်တွဲ၊ ကျန်အဖွဲ့က တတွဲ။

ကျွန်တော့်ထက် ပျော်သူများပင် ကျွန်တော်လောက်ပျော်မည်မထင်။

အောက်ရေတံခွန်သို့ အဆင်းတွင် ခိုင်ရွှေဝါ့ကို တိုးတိုးလေး.....

“ခိုင်ရွှေဝါက သိပ်လှတာဘဲ”

“သွား.....”

ဖြောင်းကနဲ ကျွန်တော် လက်မောင်းတွင် လက်ဝါးလေးတချက် ရောက်လာသည်၊ ရေစိုစိုနှင့် မို့ နည်းနည်းတော့ စပ်သွားသည်၊ သို့သော် နောက်ထပ် အချက် တစ်ထောင် လောက်စပ်သွားချင်စိတ် ပေါ်လာသည်။

လမ်းတုံးက နွယ်ဆိုခဲ့သော စိမ်းရောင်စို သီချင်းလေးထဲမှ စာသားတပိုဒ်ကို ဖြတ်ကနဲ သတိရလိုက်၏ ။

“သောကြာသားရယ် စကားက ကြွယ်ကြွယ်၊ ရေရေလယ်လယ် သွယ်ကာ ဝိုက်ကာ ပြောပေမယ့်လို့၊ ဆရာ၊ အို..... ခင်မြမှာ ၊ အို....ရင်မြမှာ ၊ ဒါမျိုးကိုကို ရဘူး ဆိုဆို၊ ပိုပိုမိုမိုညို့ချော ရယ်......လောကွက်တွေချို ..... ချစ်ပေမယ့်

ဟန်နဲ့နေမယ်ဆို ..... (ကိုကို) ရွှေမန်းတောင်တော်ရိပ်ခို တောင်ရိပ်ခို မြစမ်းရေညို့ စိမ်းရောင်စို....”

အောက်ရေတံခွန်မှ တောလမ်းအတိုင်း တက်၍ ကြိုးတံတားဆီ လာကြမည်၊ ကျန်အဖွဲ့က ဓာတ်သိမျှားမို့ ထင်သည်၊ ကြိုးတံတားမှမဖြတ်ဘဲ ဘေးမှဆင်းသွားကြ၏ ၊ ကျွန်တော်က ကြိုးတံတား လေး ၏ စိတ်ကူးယဉ်စရာ ကောင်းသော ပုံစံလေးကို ချစ်လာသဖြင့်...

“တံတားပေါ်က ကူးရအောင် ရွှေဝါ...”

“ဖြစ်ပါမလား၊ ဝိုင်းနောက်တတ်တယ်လို့ ပြောတယ်”

ကျွန်တော်က ဘေးဘီကြည့်လိုက်ရာ အားလုံး ကိုယ့်အုပ်စုနှင့် ကိုယ်ပျော်နေကြသည်ကို တွေ့သဖြင့်...

“သူတို့ဟာ သူတို့ ပျော်နေကြတာပါ၊ ရွှေဝါရယ် လာပါ၊ ကူးကြည့်ရအောင်”

ခိုင်ရွှေဝါက ဘာမှ မပြောဘဲ လိုက်လာသည်။

ကြိုးတံတားက လှုပ်တုတ် လှုပ်တုတ် ဖြစ်နေသဖြင့် ခိုင်ရွှေဝါက ကျွန်တော်လက်မောင်းကို ကိုင်ကာ တဖက်မှ ကြိုးကို ကိုင်၍ ထိန်းပြီးလိုက်လာသည်၊ ပေနှစ်ဆယ်နီးပါး မြင့်သောကြိုးတံတား ပေါ်မှကြည့်ရာ အားလုံးကို အထက်မှ စီးမြင်နေရသဖြင့် ပျော်စရာကောင်းလှသည်။

“ပျော်စရာ ကောင်းတယ်နော် ရွှေဝါ”

“အင်း...”

ခိုင်ရွှေဝါက ပြုံး၍ ခေါင်းညိတ်ပြသည်။

ထိုစဉ် အောက်မှ လူများက ကျွန်တော်တို့ကို သတိပြုမိသွားသည်၊ ချက်ချင်းပင်....

“ဟေး….”

တအားအော်ပြီး တံတား၏ လှေခါးရှိသည့်ဖက်မှ တပြုံကြီးတက်လာကြသည်၊ တံတား အလယ်တွင် ရောက်နေသော ကျွန်တော်တို့ကြောင့်၍ ကြည့်နေစဉ် သူတို့ တံတားထိပ် ရောက်လာ၏ ။

“ဟေ့ ….ဟေ့….ဟေ့”

ဟု ညီညီညာညာ အော်ပြီး ကြိုးတံတားကို ဝိုင်းလှုပ်တော့သည်။

“အား….”

ခိုင်ရွှေဝါက အလန့်တကြား အော်ပြီး ကျွန်တော့်ကို ဖက်ထားသည်။

“ဟေ့…ဟေ့ လူတွေ မလုပ်ပါနဲ့ …. လိမ့်ကျမယ်”

တံတား သေးသေးမှာ ဝိုင်းလှုပ်သဖြင့် တုန်ခါနေသည်။

ကျွန်တော်လည်း ကြိုးတန်း နှစ်ဖက်ကို ခိုင်ခိုင်ကိုင်ရင်း ကိုယ်ကို မနည်း ဟန်ထားရသည်။

ကြိုးကလှုပ်လေ ခိုင်ရွှေဝါက တိုးဖက်လေ၊ တိုးဖက်လေ ပိုလှုပ်လေနှင့် ကျွန်တော်မှာ ရင်တဖိုဖိုနှင့် ဒုက္ခရောက်နေတော့သည်။

“ကိုလတ် နောက်ပြန်ဆုတ်ပါ၊ လိမ့်ကျလိမ့်မယ်”

ခိုင်ရွှေဝါက တုန်တုန်ရီရီနှင့် ပြောလိုက်မှ နောက်ပြန်ဆုတ်ဖို့ သတိရလာသည်၊ အောက်မှ လည်း အော်သံတွေက မျိုးစုံနေသည်။

“ရပ်ရှင်ကွ…. ရပ်ရှင်”

“ဖက်ထား၊ အားရပါးရ ဖက်လိုက်စမ်း၊ ဟုတ်ပြီကွ”

“ကျော်ဟိန်းနဲ့ ခင်သန်းနုကွ”

ရယ်သံများကလည်း ဆူညံနေသည်၊ ကျွန်တော့်နောက်မှအသံကြားရသည်။

`ကိုလတ် မြန်မြန်ဆုတ်ဟေ့ ... ဟိုဘက်က တအုပ် တက်လာကြပြီ`

ကျွန်တော် ခေါင်ငဲ့ကြည့်လိုက်ရာ ဗလတို့အုပ်စု ကြိုးကို ဝိုင်းထိန်းပေးထားသည်၊ သည်တော့မှ ...

`ရွှေဝါ သွက်သွက် ရဲရဲ လှမ်းပါ၊ ရပါတယ်၊ ကျွန်တော် ထိန်းထားတယ်`

ဆိုပြီး နောက်ကို သွက်သွက် ဆုတ်လာခဲ့သည်။

တံတားထိပ်ရောက်မှ ဟင်းကနဲ သက်ပြင်းချနိုင်တော့၏ ။

သည်တော့မှ ရွှေဝါက ဖက်ထားရာမှ ခွာလိုက်ပြီး ကျွန်တော့် ရင်ဘတ်ကို တအုံးအုံးထု၍ ...

`ကိုလတ်မကောင်းဖူး၊ အစကတည်းက ရွှေဝါပြောတယ်မဟုတ်လား၊ နောက်ပါမယ်လို့၊ ခုတော့ ... ဟွန်း ... ရှက်လိုက်တာ`

ကျွန်တော်ဘာမှ မပြောဘဲ တဟဲဟဲ ရယ်နေလိုက်၏ ၊ ပြီးမှ ...

`ကျွန်တော်မှ မသိတာ ရွှေဝါရဲ့ ... အဟဲ`

“ ဘာအဟဲ ... လဲ ... သူကတော့ သဘောကျတယ်ပေ့ါ ဟုတ်လား၊ သွား ... လူဆိုး ”

ကျွန်တော့် ရင်ဘတ်နှင့် ပုခုံးတို့သို့ ပန်းပွင့်လက်သီးကလေးများကျလာသည်၊ ကိုညွန့်သောင်း က ကျွန်တော့်ကို မျက်စေ့မှိတ်ပြလိုက်၏ ။

ငှက်ကလေးများတွင် ဘာသာစကားရှိသည်၊ လေဟုန်တွင်ပျံ့မဝဲတတ်သူများ နားမလည်ပါ ၊ ငှက်ကလေးများ အချင်းချင်းသာ

သိကြပါသည်။

ငါးကလေးများတွင် ဘာသာစကားရှိပါသည်၊ ရေတွင် မကျက်စားကြသူများ နားမလည်ပါ၊ ငါးကလေးများ အချင်းချင်းသာ သိကြပါသည်။

ချစ်တတ်သူလေးများတွင်လည်း ဘာသာစကား ရှိပါသည်၊ ရင်မခုန်တတ်သူများ နားမလည်ပါ၊ ချစ်တတ်သူ အချင်းချင်းသာ သိကြပါသည်။

ကျွန်တော်၏ ဘာသာစကားကို ခိုင်ရွှေဝါ သိပါလိမ့်မည်။

ကန်တော်ကြီးတွင် ထမင်းစားကြသည့်အခါ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ထိုင်နေသော သူ့ပန်းကန်ထဲသို့ အသဲဖတ်ကလေး ခတ်ထည့်ပေးလိုက်၏ ။

ခိုင်ရွှေဝါ့ထံမှ မျက်လွှာလေးပင့်၍ ဝင်းလဲ့သော မျက်ဝန်းညိုညိုဖြင့် ကြည့်လိုက်သော အကြည့်တွင် မည်သည့် သဒ္ဒဗေဒ သို့မဟုတ် မည်သည့် ဘာသာဗေဒနှင့်မှ အကျုံး မဝင်သော အချစ်၏ ဘာသာစကားများ ပါဝင်လိမ့်မည်ဟု ကျွန်တော်ယူဆနိုင်ခဲ့ပါသည်။

ကျွန်တော့် ယူဆချက် မှန်ကန်ကြောင်း ခပ်လှမ်းလှမ်းမှ လေချွန်၍ ဩဘာပေးနေသော ထင်းရှူး ရွက်ကလေးများက သက်သေခံပါလိမ့်မည်၊ ကန်တော်ကြီး၏ ရေပြင်ကမူ အချစ်၏ အငွေ့အသက်များကြောင့် ပန်းနုရောင်ပြေးနေ၏ ၊ ရက္ခဗေဒဥယျာဉ်၏ သက်တမ်းတွင် သည်နေ့ အလှဆုံး ဖြစ်ရမည်ဟု ကျွန်တော်ပြောရပါသည်၊ အလှဆိုသည်မှာ ဘဝနှင့် ပတ်သက်နေသည် မဟုတ်ပါလား။

`ပေးလေ ... ရွှေဝါ ... ကိုယ် သွားပစ်လိုက်မယ်`

စားသောက်၍ အပြီး ဒန်ပေါက် ထမင်း ထုပ်လာသောဖက်နှင့် စက္ကူကို သိမ်းနေသည့် ခိုင်ရွှေဝါထံမှ လှမ်းယူရင်းပြောလိုက်သည်၊ တခါတည်းနှင့်လည်း

အခေါ်အဝေါ်ကို ကျွန်တော်မှ ကိုယ် အဖြစ်သို့ အရဲစွန့်၍ ရွှေ့ပစ်လိုက်သည်။

`ရပါတယ်... ကိုလတ်ရဲ့... နေပါစေ... ရွှေဝါ ပစ်ပ့ါမယ်`

သူ့စကား မဆုံးခင် ဖက်များက ကျွန်တော့်လက်ထဲ ရောက်နေပြီ။

`ပေးပါ ရွှေဝါရယ်... တလက်စထဲနဲ့ ဥစ္စာ၊ ရွှေဝါ ပင်ပန်းနေပ့ါမယ်`

ကျွန်တော့် စကားက နဲနဲ ပိုသွားမှန်း ကျွန်တော့်ဟာကျွန်တော်လည်း သိလိုက်၏၊ အမှိုက်ပစ်သည့် နေရာနှင့် စားသည့်နေရာမှာ ကိုက် ၅၀ ပင်မဝေး၊ ကျွန်တော့် စကားက ပိုနေမှန်း ခိုင်ရွှေဝါလည်း သိသာသဖြင့် `ပိုရန်ကော မျက်စောင်း` လေးဖြင့် ပြုံးတုံ့တုံ့ ကြည့်လိုက်သည်၊ ကမ္ဘာကြီး တခုလုံးနှင့် မလဲနိုင်သည့်အကြည့်။

အမှိုက်ပစ်သည့် နေရာသို့ သွားနေသော ကျွန်တော့်ခြေလှမ်းများသည် တိမ်ပေါ်တွင် နင်းလျှောက် နေရသကဲ့သို့ ဖြစ်နေသည်၊ ရင်ထဲမှာလည်း အသံမထွက်သော တေးသံများ လှိုင်နေသည်၊ ဘဝတွင် ဦးဆုံးခံစားဖူးသော အချစ်၏ မိတ်ဆက်ခြင်းများပါတကား။

အမှိုက်ပစ်သည့် နေရာမှ ပြန်ရောက်လာသည့်အခါ အားလုံး သိမ်းဆည်းပြီး၍ ဝိုင်းထိုင်နေကြပြီ၊ ကိုညွန့်သောင်းက သေတ္တာထဲမှ အကော်ဒီယံကြီးကို ဆွဲထုတ်နေ၏ ။

`ကိုလတ် သီချင်းဆိုကွာ`

ဗလက ကျွန်တော်မထိုင်ခင် လှမ်းပြောလိုက်၊ ကျွန်တော့်အတွက်တော့ ငိုချင်ရက် လက်တို့ ဖြစ်သွားသည်၊ သို့သော် သေဖော်ညှိချင်သေးသဖြင့်...

`အားလုံး တယောက် တလှည့်ပေ့ါကွ`

`အိုး... ရွှေဝါ မဆိုတတ်ပါဘူး`

ခိုင်ရွှေဝ့ါဆီမှ ပျာပျာသလဲ အသံကလေး ထွက်လာသည်၊

`အမယ်…`

နွယ်က ခိုင်ရွှေဝါပေါင်တဖက်ကို လက်ဖြင့်ပုတ်ပြီး…

`ဒီလိုတော့ ဘယ်ရမလဲ… ရွှေဝါ၊ ကျောင်းကပွဲတွေတုံးက ဆိုဖူးတာဘဲ… ဆိုရမယ်… မရဘူး`

`ဟုတ်တယ်… ဟုတ်တယ်… အားလုံး ဆိုရမယ် မရဘူး၊ ကဲ…ကိုလတ်မင်းစဆို`

ဗလက စာရင်းပိတ်ပစ်လိုက်သည်၊ ရွှေဝါက မျက်လုံးပြူး၍ ကျွန်တော့်ကို ပြုံးပြရင်း ပုခုံးတွန့်လိုက်သည်၊ လမင်းကြီးနှင့် မလဲနိုင်သည့် အမူအရာလေး။

ဘာမှ ထပ်ပြောစရာ မရှိတော့ပြီမို့ ကိုညွန့်သောင်းဆီက အကော်ဒီယံကိုယူ၍ လွယ်လိုက်ပြီး အသံနည်းနည်း စမ်းကြည့်နေလိုက်သည်၊ ကျွန်တော့်ဆီမှ အကော်ဒီယံ အသံကြောင့် အနားရှိ အဖွဲ့များ၏ မျက်လုံးများသည် ကျွန်တော်တို့ ဝိုင်းသို့ ဦးတည်လာကြသည်။

ကျွန်တော့်ဆီတွင် အလွန် ဆိုချင်နေသော သီချင်းလေးတပုဒ် အဆင်သင့် ရှိနေသည်၊ အကော်ဒီယံနှင့်လည်း လိုက်ဖက်သည်၊ အခြေအနေ နှင့်လည်း လိုက်လျောသည်၊ ထိုကြောင့် ထိုသီချင်းကို ဆိုရန် ဆုံးဖြတ်လိုက်သည်။

အကော်ဒီယံ အုန်းကျော်၏ ပိတောက်လက်ဆောင်…

`အတာကူးတဲ့ တန်ခူးလချိန်ခါ နှစ်ဦး သင်္ကြန်မဟာ၊ သူကလေးနဲ့ တွေ့ရပုံမှာ မေ့လဲမမေ့နိုင်ပါ ၊ နောင်နှစ်တွင်လဲ ဆုံရမှာပဲ တမ်းတတယ် ဒီချိန်ခါ… ပိတောက်ပန်းပွင့်တိုင်း သတိရနေမှာပါ…”

ကိုအုန်းကျော်၏ သီချင်းထဲမှာ “ဒီနှစ်တွင်လည်း ဆုံရမှာဘဲ” ဆိုသောနေရာတွင် “နောင်နှစ်”ဟု ကျွန်တော် ပြင်ဆိုလိုက်သည်။

“လာပြီလေ မပျက်တမ်း၊ ပိတောက်ပန်းပွင့်တွေဖူးလို့သာ၊ ခင်ပျိုမေလက်ကမ်းလို့ယူလှည့်ပါ၊ ရာသီချိန်သည်တန်ခူး ပိတောက်ပန်းလေးတွေဖူးလို့သာ၊ ချမ်းခိုက်ခိုက်တုန်လို့ နွေးမယ်မထင်နဲ့ဗျာ .... တောင်းပန်ချင်တာ.....”

“ဝင်းဝင်းဖန့်ဖန့် သူ့မျက်နှာ ၊ ရှင်းရှင်း သန့်သန့် လှရက်တာ၊ သူ့မျက်နှာ ရေစင်ဖျန်းတော့ နှုတ်ခမ်းလေးစူကာ၊ မငြူစူစမ်းနဲ့ လှပျိုဖြူရာ သိကြားမင်းသာ သိသွားရင်အော်... မှတ်ချက်ယူသွားမှာ သတိထားပါ.....”

အလိုက်သိသော ကိုညွှန့်သောင်းက ကားထဲတွင် သူသည့်ယူလာသော ပိတောက်ပန်းများထဲမှ ပန်းတခက်ကို ကျွန်တော့်လက်ထဲ ထည့်ပေးလိုက်သည်၊ ကျွန်တော်က အကော်ဒီယံလွယ်ရင်း ဝိုင်းထဲလှည့်နေရာမှ ဘေ့စ် တီးနေသော ဘယ်လက်ဖြင့် ပိတောက်ခက် ကလေးကို ခိုင်ရွှေဝါဆီ ကမ်းပေးလိုက်သည်။

ဘေးမှ ပရိသတ်များ စိုင်းလာနေပြီ ဖြစ်သဖြင့် ရှက်အမ်းအမ်း ဖြစ်သွားသော ခိုင်ရွှေဝါက နှုတ်ခမ်း မသိမသာ စူရင်းလှမ်းယူလိုက်သည်၊ ကျွန်တော်သီချင်းနှင့် အံကျဖြစ်သွားသည်။

“ပြုံးတော်မူပါ ရွှေမျက်နှာ ၊ မုန်းတော်မူရင် ကျေခဲ့ပါ၊ ပိတောက်တွေဝေဆာ သည်တန်ခူးခါ၊ လက်ဆောင်ယူပါ၊ သည်နှစ်ဦးမှာ၊ အပြုံးချင်းပြိုင်လို့ လန်းဆန်းရမှာ ထူးမြတ်တဲ့ ဒီချိန်ခါ၊ မင်္ဂလာယူစမ်းပါ ခင်ရာ....”

ဝိုင်းကြည့်နေသော ပရိသတ်အားလုံးဆီမှ အပြုံးများနှင့် လက်ခုပ်သံများ ထွက်လာသည်၊ ခိုင်ရွှေဝါလည်း ပြုံးလာသည်။

ကျွန်တော်အလှည့် အပြီးတွင် နွယ်က ရွှေဝါဖူးသီချင်းကို ဆိုသည်၊ နွယ်၏ ကြည်လင်ချိုမြသော အသံနှင့် ရွှေဝါဖူးသီချင်းမှာ အလွန်ဟပ်မိနေသည်။

“ထက်ကောင်းကင် မိုးဖျားက သွန်းလာ ရွာမယ့်ရွှေမိုးကို စောင့်ကာ ၊ ပိတောက်မြိုင် သင်းပြန့်ကြိုင်လို့သာ စုံထူးငုံဖူးလွှာ ....

ပယင်းယောင်ဝင်းဝါပြောင်လို့သာ… ရွှေမိုးကို ကိုးကာနေရှာ….. ထက်ကောင်းကင် မိုးဖျားကသွန်းလာ၊ ရွာမယ့် ရွှေမိုးကိုစောင့် ကာ၊ ပွင့်ဖူးလွှာမိုးကို မျှော်ကိုးကာ စောင့်စားနေရရှာ……”

နွယ့်သီချင်းသံ မြိုင်မြိုင်လေးပေါ်ထွက်နေချိန်တွင် ကျွန်တော်အကော်ဒီယံတီးရင်း ခိုင်ရွှေဝါ ကိုသာ ခိုးကြည့်နေမိသည်၊ ခိုင်ရွှေဝါက အပြုံးလှလှလေးနှင့် သီချင်းဆိုနေသော နွယ့်ကို ငေးနေ သည်၊ လက်ထဲတွင် ကိုင်ထားသော ပိတောက်ခက်ကလေးကိုလည်း တချက်တချက် ငုံ့ငုံ့ကြည့် နေရာမှ ပိတောက်ခက်လေးကို ယုယုယယလေး နမ်းလိုက်သည်၊ နမ်းနေရင်းမှ သတိရဟန်ဖြင့် ကျွန်တော်ကို လှမ်းကြည့်လိုက်သည်၊ ကျွန်တော်က ပြုံးကြည့်နေရာမှ မျက်စိတဖက် မှိတ်ပြလိုက် သည်၊ ခိုင်ရွှေဝါမျက်နှာတွင် ပန်းရောင်နုနုလေး လျှပ်ပြေးသွားပြီး ရှက်ပြုံးလေးနှင့် ခေါင်းကို ချက်ချင်း ငုံ့ပစ်လိုက်သည်။

သည်အဖြစ်ကို ဘေးမှ သတိထား ကြည့်နေသော ကိုညွှန့်သောင်းက ကျွန်တော့်ကို လက်မထောင်၍ ပြလိုက်သည်၊ ကျွန်တော်က ပြုံး၍ ခေါင်းညိမ့်ပြလိုက်၏၊ လောကကြီး မသိလိုက်သော ခင် ကျွန်တော်တို့ သုံးယောက်သည် စကားပေါင်း မြောက်များစွာကို ပြောဆိုလိုက်ကြ သည် တကား။

နွယ့်အလှည့်ပြီးသည့်အခါ ဗလက ကိုဝင်းဦး၏ “နှံ့သာသကြာ်န်”ကိုဆိုသည်၊ ကောင်းသည်၊ အဟဲ …. ကောင်းပါသည်၊ သို့သော် နောက်ဆိုသူက ပို၍ ကောင်းပါသည် ကောင်းရမည်ပေ့ါ …၊ ကျွန်တော့် ခိုင်ရွှေဝါမို့လား။

အသံက နွယ့်လောက်မကောင်းပါ၊ ဆိုဟန်က ဗလတို့ ကျွန်တော်တို့လောက် မကောင်းပါ၊ သူက ဂီတကို ဝါသနာပါရုံက လွဲ၍ သူ့ဌေးသမီးကိုး…၊ သို့သော် အားလုံးထက်ကောင်းပါသည်၊ လှ၍ မဟုတ်ပါ၊ ချမ်းသာ၍ မဟုတ်ပါ၊ တခြား ဘာကြောင့်မှလည်း မဟုတ်ပါ၊ ကျွန်တော့် ခိုင်ရွှေဝါ

သက်သက် ဖြစ်သောကြောင့် ဖြစ်ပါသည်။

ခိုင်ရွှေဝါဆိုရန် ထရပ်လိုက်သော အခါ အကော်ဒီယံ ခလုတ်များပေါ် မှေးတင်ထားသော ကျွန်တော့် လက်ချောင်းကလေးများသည် တဆတ်ဆတ် တုန်နေ၏၊ ကျွန်တော့်ရင်ထဲတွင် ဘီတယ်တဝိုင်းလုံး လက်သံထက် ဆူညံနေအောင် ခုန်နေသည်၊ ကျွန်တော့် ဦးနှောက်ထဲတွင် "ချစ်စရာကောင်းလိုက်တာ"ဆိုသော အတွေးများသည် လေထဲမှ အောက်စီဂျင်ဓာတ်များထက် များနေ၏။ ကျွန်တော့် မျက်လုံးထဲတွင် ရုပ်ရှင်ထဲမှာ အနေးပြ၍ မြင်နေရသလို ရွှေဝါ့လှုပ်ရှားဟန် များကို အသေးစိတ် ဂရုစိုက်မြင်နေမိသည်။

ခိုင်ရွှေဝါ နွဲ့နွဲ့လေး ထရပ်သည်၊ ခါးမှ လှိုင်းကြီး အဝါနုအကျႋလေးကို ဆွဲဆန့်သည်၊ ထိုင်ထားသဖြင့် တွန့်နေသော လုံချည် အဝါလေးကို ဆွဲဆန့်သည်၊ ပြီး ရှက်ပြုံးလေးဖြင့် ပတ်ဝန်းကျင် ကို ကြည့်သည်၊ လက်ကိုင်ပုဝါလေးကို လက်နှစ်ဖက်ဖြင့် ပတ်နေသည်၊ ကျွန်တော်ဆီ မျက်လုံးတချက် ဝေ့ကြည့်သည်။

"ရွှေဝါ ...."နေ့စဉ်ပိတောက်ပွင့်ပါစေ" ဆိုပါ့မယ်ရှင်..."

လက်ခုပ်သံများ ပေါ်လာသည်၊ ကျွန်တော် လက်ခုပ်မတီးနိုင်ပါ၊ ကျွန်တော့်ရင်ခွင်ထဲမှ အကော်ဒီယံသည် လက်နှစ်ဖက်ကို ချာပေးထားပါသည်၊ သို့သော် ကျွန်တော် တီးနေသော လက်ခုပ်သံသည် အများစု တီးနေသည်ထက် ပိုကျယ်နေ၏၊ အဘယ်ကြောင့်ဆိုသော် သီချင်းသည် ကျွန်တော့်ကို ရည်ရွယ်သည်ဟု ကျွန်တော်ဖာသာ ကျွန်တော် အတည်ပြုပြီးနေသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်က အတော်လေးကို ညင်ညင်လေး တီးပေးလိုက်သည်၊ သီချင်းသံ မပေါ်ခင် နွယ်က ရွှေဝါ့ ဆလင်းဘက်လေးပေါ်တွင် တင်ထားသော ပိတောက်ခက်ကလေးကို လှမ်းပေး လိုက်သည်၊ ရွှေဝါ့မျက်နှာတွင် ရှက်သွေးလေး သန်းသွားပြီး ရှက်ပြုံးလေးနှင့် ပိတောက် ခက်လေးကို လှမ်းယူ လိုက်၏၊ ပိတောက်ခက်လေးကို လက်မှာကိုင်ရင်း ရွှေဝါ့အသံ ချိုချိုလေး ထွက်ပေါ်လာသည်။

`ပိတောက်ပွင့်ရက်ဝယ်. . .မောင်လာနေကျကွယ်. . .ဥဩတွေ တေးဖွဲ့ချိန် ရောက်လာစမြဲမို့. . .ရာသီကာလတွေ. . .မိုး နွေ ဆောင်း များရယ် ပြောင်းရွှေ့ကာ မရှိပါရင် ကွယ်. . .အချိန်တွေတိုင်းဟာ အမြဲ တကယ်၊ ပိတောက်ပွင့်ရက်ဘဲ ဖြစ်နေစေချင်တယ်. . .”

ထင်းရှူးနံ့သင်းသေ လေပြေသည် ကျွန်တော် မျက်နှာလာ၍ ထိုးနေသည်၊ ကျွန်တော် မျက်လုံးများသည် ပရိတ်သတ်များကို ကျော်၍ စေတီဖြူဖြူလေးဆီ ရောက်နေသည်၊ မြက်ခင်း စိမ်းစိမ်းပေါ်၌ လည်း လျှောက်ပေးနေမိသည်။ ပန်းရောင်းစုံ တောထဲမှာလည်း လူးလာ ခတ်နေသည်၊ အချစ်ဆိုတာကို ဖွင့်မပြောသေးသော်လည်း မဖလှယ်ရသေးသော်လည်း ကျွန်တော် မြင်တွေ့လိုက် ရသည်၊ ဘဝ၏ ကြည်နူးခြင်းများစွာတို့သည်။ ယခု ကြည်နူးမှုအောက် ၌ လက်မြှောက်၍ အရှုံးပေး သွားကြသည်၊ လေထဲမှ ငှက်ကလေးများနှင့် အတူ ကျွန်တော်ပျံဝဲ ကစားနေမိသည်၊ တလောကလုံး တွင် ပျားရည်စက်များ ကြဲဖြန့်ထားလိုက် သည်။

မနက်ဖန်သည် သာယာလှချေသည် တကား။

ကျွန်တော် အာရုံကို မနည်း ပြန်လည်စုစည်းယူထားရသည် အကော်ဒီယံပေါ် ပြေးနေ သော လက်များ၏ အမှားအယွင်းကို ကျွန်တော် သီးမခံနိုင်၊ ဒုတိယ တခေါက် ပြန်ကျော့နေ သော ခိုင်ရွှေဝါ၏ အမူအရာလေးများက

“ကိုလတ် မအိပ်သေးဘူးလား”

ကျွန်တော့်အတွေးစ တောက်ကနဲဖြတ်သွားသည်၊ မျက်နှာကျက်ဖြူဖြူပေါ်မှ မျက်လုံး များကို အသံလာရာဆီသို့ ရွှေ့ယူလိုက်သည်။ ကိုဘနှင်း. . .၊ ကျွန်တော် ညာဖက်အိပ်ရာ နေရာမှ ကိုဘနှင်း၊ သူက ကျွန်တော်ဖက်စောင်းရင်း လေသံတိုးတိုးဖြင့် မေးလိုက်သည်။

“ဘာတွေတွေးနေတာလဲ. . ကိုလတ်ရာ . . .အိပ်ပါတော့လား ကျွန်တော်

သူ့ကို ပြုံးပြ လိုက်သည်၊ လေသံတိုးတိုးဖြင့်ပင်. . .ဘယ်လိုလုပ် အိပ်လို့ရမလဲ. . ကိုလတ်ရာ အိပ်ပါတော့ လား”

ကျွန်တော်အဖြေကို သူကောင်းကောင်း နားလည်ပါသည်။ တွဲဘက်ကို ရွေးလာရ ကတည်းက သူနှင့်ကျွန်တော်မှာ အတော်ရင်းနှီးနေခဲ့သည်၊ သူကလည်း တက္ကသိုလ်ကျောင်း သား ကဗျာဆရာပီပီ အတွေးလှလှလေး စီတတ်သူပင်၊ ထို့နည်းတူ တစ်ပါးသူ၏ အတွေးနုနု လေးများကိုလည်း လှအောင် နားထောင်ယူတတ်သူပင်၊ သူ့အကြောင်းကို ကျွန်တော်အား ပြောပြထားခဲ့သလို ကျွန်တော် ကလည်းကျွန်တော်အကြောင်းကိုသူ့အားပြောပြထားပြီးဖြစ်ရာ ကျွန်တော်ဝေဒနာကို သူကောင်း ကောင်း နားလည် ပါသည်။

“နို့. . .ကိုဘနှင်းကကော ဘာဖြစ်လို့ မအိပ်သေးတာလဲ”

ကျွန်တော်က သိရက်နှင့် မေးလိုက်သည်၊ သူက ရှက်ပြုံးလေး ပြုံးလိုက်သည်။ ပြီးမှ ခပ်တိုးတိုး. . .

“ငါလဲ. . .မင်းလိုပေါ့ကွာ”

“ဒါနဲ့များ ကျွန်တော်ကို အိပ်ခိုင်းရသလားဗျာ”

သူကြိတ်ရယ် ရယ်သည်။

“ငါစကားပြောချင်လို့ကွ၊ မင်းများအိပ်ချင်ယောင်ဆောင်နေမလားလို့”

ခင်ဗျားကလဲဗျာ. . .အပိုတွေ”

သူ့မျက်နှာမှာ အရယ် ငွေ့ငွေ့ ကျန်နေသေးသော်လည်း သူ့စကားက ဆွေးရိပ် လွှမ်းနေ သည်။ သူက. . .

“သင်္ကြန်ဟာ အတော်နှိပ်စက် နိုင်တာဘဲနော်”

“အော်. . .ကိုဘနှင်းရယ် သင်္ကြန်ဆိုတာ ပျော်တုန်းကလဲ အရမ်းပျော်ခဲ့တဲ့ အချိန်ဘဲ မဟုတ်လား၊ သိပ်ပျော် သိပ်ကြည်နူးခဲ့တော့လဲ သတိရစရာရှိတော့ အရမ်း

သတိရစရာ ဖြစ်လာတာ ပေါ့”

သူ့မျက်နှာမှာ စောစောကလို ရယ်သက် ရယ်ငွေ့တစ်မျှ မကျန်တော့၊ သူ့မျက်နှာမှာ လေးနက်သည်နှင့် အမျှ ကြေကွဲရပ် လွှမ်းလာသည်။

“သကြံ့န်မျှာ ရဖူးတဲ့အနာက မီးလောင်နာလိုဘဲကွ၊ သကြံ့န်ရောက်တိုင်း ရေထိလိုက်သလို အဖူးထလာတယ်”

ကဗျာဆရာလေသံက ပီသလာသည်၊ ကျွန်တော်ကလည်း သူ့လေသံကို တု၍ …

“မေ့ပစ်နိုင်ရင် သိပ်ကောင်းမယ်နော် ကိုဘနှင်း၊ အနာကျက်သွားသလိုပေါ့ဗျာ….. အမာရွတ် လောက် ဘဲ ကျန်နေတော့ သက်သာတာပေါ့”

ကဗျာဆရာရယ်သည်၊ ကျယ်ကျယ်ရယ်ခွင့် မရှိသော နေရာဖြစ်၍ အသံက ခပ်အုပ်အုပ် အက်အက် ထွက်လာသည်။

“မှတ်ထား ကိုလတ်… အချစ်နာဆိုတာ မေ့မပစ်ရဘူး၊သူ့ဖာသာသူ မေ့သွားရင်လဲ၊ ဒါ အချစ်နာ ဆိုတာ မေ့လို့မရဘူး၊ ဖျောက်ချင်ရင်သာ ဖျောက်ပစ်လို့ရတာ ၊ ဖျောက်ပစ်ရင်လဲ ဘဂနာတော့တာဘဲ၊ ဇွတ်ဖျောက်ရတာ ကိုး၊ အဲဒီ တော့ မပျောက်ပျက်အောင် အတင်းတခုခုနဲ့ အစားထိုးရတော့တယ်၊ အဲဒါကလဲ အရက်၊ ဒါမှမဟုတ် အချစ်ပျက်၊ ဒါမှမဟုတ် ကောင်းတဲ့ အလုပ်တခုနဲ့က မှိန်ထားရတာ ၊ မှိန်ထားနိုင်လေ သက်သာလေဘဲ၊ သူဖာသာသူ အကြောင်း တိုက်ဆိုင်လို့ လွမ်းစရာရှိရင်တော့ လွမ်းပစ်လိုက် ၊ အစွမ်းကုန် လွမ်းပစ်လိုက်၊ လွမ်းတာက အပြစ်မဲ့ပါတယ်၊ လွမ်းပြီးရင်မှိန်ထားလိုက်၊ ကိုယ်လုပ်စရာရှိတာ လုပ်နေ၊ အချစ်နာကို ဒီနည်းနဲ့ သက်သာအောင် လုပ်တာကလွဲလို့ တခြားဆေးမရှိဘူး ညီလေး၊ ပျောက်သွားအောင်ကတော့ ဇီဝကလဲ မတတ်နိုင်ဘူး”

ကျွန်တော်အလိုက်မသိသော မေးခွန်းတခု မေးလိုက်သည်။

“ဒါဖြင့် လေးလေးကို ခင်ဗျား စိတ်မနာဘူးပေါ့”

“နာတာပေါ့ဟ”

ကျွန်တော် အံ့ဩသွားသည်၊ စိတ်နာနေသော သူကို လွမ်းနိုင်သလော၊ ကျွန်တော်ကတော့ စိတ်နာချင်သော်လည်း နာ၍ မရသဖြင့် လွမ်းနေရသူ မဟုတ်လား၊ သူ့ အဖြေကို ကျွန်တော် တောင့်တလာသည်။

“စိတ်နာရက်နဲ့ လွမ်းရသလားဗျ”

“မင်း ခိုင်ရွှေဝါကို စိတ်မနာဘူးလား”

“နာတော့ နာချင်တယ်ဗျာ၊ တခါတလေလဲ အရမ်းနာတာဘဲ၊ ဒါကြောင့် ကျွန်တော် ဘယ်သူနဲ့မှ အတွေ့မခံတာပေါ့၊ ဒါပေမယ့် နာလို့ကို မရဘူးထင်တယ်”

“အဲဒါ မင်းသရုပ်မကွဲလို့ကွ၊ စိတ်နာတာက စိတ်နာတာ တခြားဘဲ၊ လူအပေါ် စိတ်နာ မယ်၊ အပြုအမူအပေါ်စိတ်နာမယ်၊ တခုခုပေါ့၊ ဒါပေမယ့် ချစ်ပြီးသား အချစ်ကို ဘယ်လိုလုပ် ပြန်ရုပ်မလဲ၊ အချစ်ဆိုတာ ဖန်တီးလို့ မရသလို ဖျောက်ဖျက်လို့လဲ မရဘူးကွ၊ ဒီတော့ နာတာက သက်သက် ၊ နာလို့ လုပ်ကိုင်နေတဲ့ အပြုအမူက သက်သက်၊ ချစ်လို့ လွမ်းတာက သက်သက်၊ ချစ်လို့လွမ်းတာက သက်သက် တခြားစီဘဲ”

“ဟော့ .... ဘယ်သူတွေ စကားပြောနေတာလဲ၊ အိပ်ချိန်ကွ”

ဝါဒါ ဦးသန်းမောင်ကြီး၏ အသံထွက်ပေါ်လာသဖြင့် ကမန်းကတမ်း ကျွန်တော်တို့နှစ် ယောက် စောင်ခြုံ၍ အိပ်ချင်ယောင်ဆောင်နေလိုက်သည်၊ သံမံသလင်းပေါ်နင်းလာသော ခြေသံက အနားရောက်လာသည်၊ ထိုနောက်ဖြတ်ကျော်သွားသည်၊ အသံက ကျွန်တော်တို့ နားတွင် ဝဲနေသဖြင့် ကျွန်တော်တို့လည်း စကားမပြောရဲတော့၊ ကျွန်တော် ကိုဘနှင်း၏ စကား များနှင့် ကိုဘနှင်း အကြောင်းကို စဉ်းစားနေမိသည်။

ကိုဘနှင်းမှာ စက်မှုတက္ကသိုလ်မှ ပဉ္စမနှစ်ကျောင်းသားဖြစ်၍ ပညာရည်ထူးချွန်သည်၊ ကျွန်တော် တို့ သိသလောက် သူသည် လူရည်ချွန်ဖြစ်ဖူးသည်၊ ဆယ်တန်းတုန်းက ဂုဏ်ထူး လေးဘာသာနှင့်အောင်ခဲ့သည်၊ စက်မှုတက္ကသိုလ်ကျောင်း၊ အင်ဂျင်နီယာလောင်း တစ်ယောက်အဖြစ် နှင့် စီးပွားရေး တက္ကသိုလ်ကျောင်းသူ လေးလေးခိုင်နှင့် ချစ်ကြိုးသွယ်ခဲ့ သည်။

သူ ပြစ်မှုတစ်ခုနှင့် အရေးယူခံရခြင်း မရှိသည့်အထိ လေးလေးခိုင်မှ ကိုဘနှင်း၏ သစ္စာရှိသော ချစ်လှစွာသော ချစ်သူတစ်ဦးဖြစ်ခဲ့၏ ။ အလွန်ချစ်ခဲ့သည်ဟု ဆို၏ ။

တရက်တလေမျှ ကိုဘနှင်း လေးလေးခိုင်ရှိရာ မာလာဆောင်သို့ မရောက်လျှင် လေးလေးခိုင်မှာ ငို၍ မဆုံးနိုင်တော့ဟု ဆို၏ ။ နွေ ကျောင်းပိတ်ရက်များတွင်ပင် လေးလေးခိုင်မှာ နယ်သို့မပြန်ဘဲ လုပ်အားပေးရှိသည်ဟု ဆိုကာ အပြင်ဆောင်တွင်နေ၍ ကိုဘနှင်းနှင့် သကြ်န်လည် ဘုရားဖူးနေခဲ့သည်။

ကိုဘနှင်းအရေးယူခံရ၍ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခုနှနစ်ကျခံပြီး၍ ပြင်ပနှင့် အဆက်အသွယ် ရသည့်အခါ လေးလေးခိုင် တစ်ခါမျှလာမတွေ့၊ လေးငါးခြောက်လအဆက် အသွယ် ပြတ်နေ သည်ကိုပင် လွမ်းရသော အဖြစ်လေး အနေနှင့် မျက်ရည်တစက်ကျဖော်မရ တော့၊ တစ်ရက်တာဝေးစဉ်က ရက်ပေါင်း နှစ်ရာလောက် ဆွေးပြခဲ့သော်လည်း ရက်နှစ်ရာ လောက်ဝေးသည့် အခါမတော့ တစ်စက္ကန့်ပင် ဆွေးမပြတော့၊ ကိုဘနှင်း၏ သူငယ်ချင်း ကျောင်းသားများနှင့် မိဘများသာ သာတော့သည်။

မကြာခင် ကျောင်းများ ပြန်ဖွင့်ပြီးသည့်အခါ ရောက်ဆုံးနှစ် စီးပွားရေးကျောင်းသူ လေးလေးခိုင် သည် ဆေးတက္ကသိုလ်မှ အလုပ်သင်ဆရာဝန် တယောက်နှစ်တွဲနေပြီ ဖြစ်ကြောင်း သူငယ်ချင်းများမှ တဆင့် သိရတော့သည်။ သူငယ်ချင်းမိန်းကလေးများမှ တဆင့်လည်း “သူက မိုက်တာကိုး” ဆိုသော

စကားလေးတခု အဆိုခံခဲ့ရကြောင်း ကြားရသည်။

ဤသို့ဖြင့် ကိုဘနှင်းတယောက် အချစ်ကို မေ့အောင်ပြု၍ အလွမ်းကို ခင်တွယ်နေသော နိုင်ငံရေး အကျဉ်းသမားတယောက် ဖြစ်လာခဲ့၏ ။

စဉ်းစားရင်း မည်သို့ အိပ်ပျော်သွားသည်မသိ၊ မျက်စေ့ဖွင့်ကြည့်လိုက်သည့်အခါ မိုးစင်စင်လင်းနေသည်ကို တွေ့ရ၏ ။

ဘာလိုလိုနှင့် အကြိုနေ့ တရက်ကြီးများကို ခက်ခဲစွာဖြတ်ကျော်ခဲ့ပါပကော. . .။

အကျနေ့၏ မနက်ခင်းကို မင်္ဂလာရှိသော သတင်းတပုဒ်နှင့် ဆီးကြိုလိုက်သည်။ အခန်း ခေါင်းဆောင် ကိုသန်းညွန့်က အားရပါးရ အော်ဟစ်လိုက်သည်။

"ဟန်ကျတယ်၊ သင်္ကြန်တွင် အလုပ်နားတယ်ဟေ့. . ."

အလုပ်လုပ်နေကျအချိန်တွင် အလုပ်မလုပ်ရသဖြင့် တခြားလည်း ဘာမှလုပ်စရာမရှိ သော ကျွန်တော်တို့မှာ ဖျာပေါ်မှာခွေလိုက် အဆောင်ဝင်းထဲ ဟိုသည် လျှောက်နှင့် ငေါင်းစင်း စင်း ကြီးတွေ ဖြစ်နေကြသည်။

ကျွန်တော်လည်း နှစ်ကြီးသမားတယောက် ကြိုးပုတီး လုပ်သည်ကို ထိုင်ကြည့်နေရာမှ ပျင်းလာသဖြင့် ရေချိုးကန်ဘက်လျှောက်လာခဲ့သည်၊ အပြင်ဘက်မှ ဟေးဟေးဝါးဝါး အော်သံ များနှင့် တုံချမ်းချမ်း တုံချမ်းချမ်းဟု မြည်သွားသော အသံများကြားနေရသည်၊ သရက်ပင်ကြီး၏ အရိပ်ရရာအုတ်ဘောင်ပင်ကြီးကို လှမ်းကြည့်နေမိသည်။

ပိတောက်ပင်ကြီးမှာ မနေ့ကလောက်မဝေတော့ဘဲ အဝါပွင့် ကြိုးတို့ကြဲတဲသာ ရှိတော့ သည်၊ ဒါတောင် မခူးရသည့် အပင်မို့ ဖြစ်၏ ၊ ခူးရသည့် အပင်ဆိုလျှင် အကိုင်းသာ ကျန်တော့ မည်မှာ သေချာသည်၊ ပိတောက်၏

သက်တမ်းသည်တရက်သာဖြစ်၏၊ သို့သော် သက်တမ်း ရှည်ကြာသော ပိတောက်တမျိုးကားရှိပါ၏၊

ထိုပိတောက်မှာ ဝေဒနာ ပိတောက်ဖြစ်၏၊ အချစ်နှစ်ဦးတွင် ပွင့်တတ်သော ဝေဒနာ ပိ တောက်ကား သက်တမ်းရှည်ကြာလှ၏၊ ခိုင်ရွှေဝါသည် တခါက နေ့စဉ် ပိတောက်ပွင့်ပါစေ.... ဆိုသော သီချင်းဖြင့် နေ့စဉ် ပိတောက်ပွင့်ရန် ဆုတောင်းဖူး၏၊ ကျွန်တော် ရင်ထဲမှ ပိတောက် သည် နေ့စဉ်ပွင့်နေခဲ့ပါ၏။

သို့သော်. . . . ဒါကို သူသိတော့မည်မဟုတ်။

*